မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၂၇၆/၉၄ ၁၉၉၄ ခုနှစ်၊ ဇူလိုင် လ ၂၃ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ [illegible] အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးဇော်ဝင်း

(ခ) အဘအမည် ဦးကြည်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်)-၀၀၃၃၂၁

(ဃ) နေရပ်လိပ်စာ အမှတ် ၁၁၂၊ အမရာလမ်း၊ ၄/စက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း နေမင်းအောင်အထည်ချုပ် ကုမ္ပဏီလီမိတက်(Nay Min Aung Garment Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား လက်ခစားထုတ်လုပ်မှုစနစ် (CMP) ဖြင့်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် ၁၁၂/၁၁၂-က၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ စက်မှုလက်မှု၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၃၅.၀၀ သန်း (ကျပ်သုံးဆယ့်ငါးသန်းတိတိ)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၆ ၇ /၉၉ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ၁ ရက်။
(၁၉၉၉ ခုနှစ်၊ ဇူလိုင်လ၂၃ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) တည်ထောင်၍ ဦးကြည် အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် မြေကွက်အမှတ် (၁၁၂) နှင့် (၁၁၂-က) မြေတိုင်းရပ်ကွက်အမှတ်(င)၊ စက်မှုလက်မှု၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ စုစုပေါင်းမြေ (၀.၆၁၇)ဧက (၂၄၉၆.၉၁ စတုရန်းမီတာ) ကိုငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား (၂၅-၆-၉၉)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏(၁၀/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက် နှင့်အညီ (ဂ-၇-၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂၄/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.)အား CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက်ခွင့်ပြုမိန့် အမှတ်၊ မနသ- ၂၇၆/၉၉ ကို ထုတ်ပေးလိုက်သည်။

၂။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလ အတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် လုပ်ငန်းအကောင်အထည် ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့်

ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေ ကိုသတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ)အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာအစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ်အတွက် ကုန်ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့် ပြုသည်။

(ဇ) ဥပဒေပုဒ်မ ၁၃(ည)အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချမှု အပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် (ဈ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှု မှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.)သည် လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ကုန်ကြမ်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့် အခါ အဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ကုန်ကြမ်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ရယူဆောင်ရွက် ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာ ဖြစ်စေရမည်။

၆။ အဆိုပြုချက်နှင့်အတူ ပူးတွဲတင်ပြသည့် သက်ဆိုင်ရာစာချုပ်စာတမ်းများကို တည်ဆဲဥပဒေများနှင့် အညီ ကုမ္ပဏီအား တရားဝင် ဖွဲ့စည်းတည်ထောင်ပြီးမှသာ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုကြရမည်။

၇။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် <u>ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ</u> အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၈။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.)သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၉။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.)ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန် အတွက် ကုမ္ပဏီများ ညွှန်ကြားမှုဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။ ကုမ္ပဏီအား မှတ်ပုံတင်ပြီးသည့် အခါ အောက်ဖော်ပြပါ စာရွက်စာတမ်း (၅) စောင်စီကို ဤကော်မရှင်သို့ <u>မပျက်မကွက်</u> ပေးပို့ တင်ပြရမည်။

(က) ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် (Certificate of Incorporation)

(ခ) ကုမ္ပဏီများ ညွှန်ကြားမှု ဌာနက အတည်ပြုပြီးဖြစ်သည့် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော ကုမ္ပဏီ သင်းဖွဲ့စည်းမျဉ်း နှင့် သင်းဖွဲ့မှတ်တမ်းများ (Memorandum and Articles of Association)

၁၀။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် အငှါးချထားသူ ဦးကြည်နှင့် အငှါး ချထားခြင်း ခံရသူ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) တို့ချုပ်ဆိုမည့် မြေ ငှါးရမ်းခြင်း သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးပြီး သည့်အခါ ယင်းသဘောတူ စာချုပ် မိတ္တူ (၅)စောင်ကို ဤကော်မရှင်သို့ <u>မပျက်မကွက်</u> ပေးပို့ တင်ပြရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာ နှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၂။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.)မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု

ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။

၁၃။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၄။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စံနှစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၁၅။ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၆။ အဆိုပြု လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၇။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အ မိန့် အ ရ –

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး

စာအမှတ်၊ ရက–၁/မ–၃၈၀/၉၉ (၃၇၇၄)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၂ ၃ ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၅။ အမှတ်(၁) စက်မှု ဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။

၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေး နှင့် လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေး ဦးစီးဌာန။
၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထည်အလိပ် လုပ်ငန်း။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၂၀။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၂။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၄။ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။
၂၅။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၇။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၈။ ဒါရိုက်တာ၊ နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.)။

အမိန့်အရ –

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

လျှို့ဝှက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၀၀၁/၉၉ (၃၃၄၁)။
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့</u>
<u>တင်ပြသည့်အမှာစာ</u>

အကြောင်းအရာ။ <u>နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် တည်ထောင်၍ CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။</u>

၁။ မြန်မာကုမ္ပဏီဖြစ်သော နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd.) တည်ထောင်၍ CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၅-၆-၉၉)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း)နှင့် မြေငှါးစာချုပ် (မူကြမ်း) တို့ကို <u>နောက်ဆက်တွဲ(၁)</u> တွင်တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၅၀) သန်းအပါအဝင် စုစုပေါင်း ကျပ် (၃၅.၀၀) သန်းဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၁၇.၀၀) သန်း၊ အဆောက်အဦ တန်ဖိုးကျပ် (၁၅.၀၀)သန်း၊ စက်ပစ္စည်းကိရိယာ တန်ဖိုးကျပ် (၃.၀၀)သန်း [အမေရိကန်ဒေါ်လာ (၀.၅၀)သန်း] ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို စင်္ကာပူနိုင်ငံ Hing Ah Trading (Singapore) Pte Ltd. မှ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပြီး၊ အတိုးနှုန်း (၄)ရာခိုင်နှုန်းဖြင့် (၄)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဦးကြည် အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် မြေကွက်အမှတ်(၁၁၂)နှင့် (၁၁၂-က) မြေတိုင်းရပ်ကွက်အမှတ်-င/စက်မှုလက်မှု၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ စုစုပေါင်းမြေ (၀.၆၁၇)ဧက (၂၄၉၆.၉၁ စတုရန်းမီတာ) ကိုငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

လျှို့ဝှက်

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အကြောင်းအရာ	ပြည်တွင်းရောင်း (၁၀%)		CMP စနစ်ဖြင့် ပြည်ပပို့ (၉၀%)	
		အရေအတွက် (ဒါဇင်)	ရောင်းဈေးနှုန်း (ကျပ်/ဒါဇင်)	အရေအတွက် (ဒါဇင်)	ရောင်းဈေးနှုန်း (US$/ Doz)
၁။	Polo Shirt	၃၈၀၀	၃၀၄၀	၃၄၂၀၀	၃.၅၀
၂။	T. Shirt	၃၈၀၀	၂၆၄၀	၃၄၂၀၀	၂.၀၀
၃။	Track Suit	၂၆၀၀	၉၆၄၀	၂၃၄၀၀	၆.၀၀
၄။	Pant	၁၂၀၀	၆၀၄၀	၁၀၈၀၀	၄.၅၀
၅။	Short Pant	၇၀၀	၃၀၄၀	၆၃၀၀	၃.၅၀
၆။	Infant Dress	၁၂၀၀	၆၀၄၀	၁၀၈၀၀	၃.၀၀
၇။	Sleep Wear	၁၂၀၀	၈၀၄၀	၁၀၈၀၀	၄.၀၀
၈။	Blouse	၁၂၀၀	၃၆၄၀	၁၀၈၀၀	၃.၅၀

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၇၇.၂၉	၃.၀၇	၈၀.၃၆
(ခ)	အသုံးစရိတ်	၇၁.၆၄	၀.၇၅	၇၂.၃၉
(ဂ)	အသားတင်အမြတ်	၅.၆၅	၂.၃၂	၇.၉၇

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က)	ဝင်ငွေခွန်	ကျပ်	၂.၄၂ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၇.၇၃ သန်း

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၇၁)ဦးနှင့် ပြည်ပမှ ဝန်ထမ်း(၄)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အမှတ်(၁) စက်မှု ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ ကန့်ကွက်ရန်မရှိကြောင်း အကြောင်း ပြန်ကြားပါသည်။

၉။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို

လိုက်နာမည် ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ယင်းချေးငွေကို အဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအသစ် ဖြစ်ကြောင်း၊ ဝန်ခံကတိ ပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ ဆုံးဖြတ်ရန်အချက်။

(က) နေမင်းအောင် အထည်ချုပ် ကုမ္ပဏီ လီမိတက် တည်ထောင်၍ CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဗိုလ်မှူးချုပ် အောင်မောင်)
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။

MIC

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ - ၂၇၆/ ၉၉   ၁၉၉၉ ခုနှစ်၊ ဇူလိုင် လ ၂၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဦး ဇော်ဝင်း

(ခ) အဘအမည် ဦး ကြည်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ လသန (နိုင်)- ၀၀၃၃၂၁

(ဃ) နေရပ်လိပ်စာ အမှတ် ၁၁၂၊ အမရ ၁လမ်း၊ ၄/ စက်မှုဇုန်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း နေမင်းအောင်အထည်ချုပ် ကုမ္ပဏီလီမိတက် (Nay Min Aung Garment Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား လက်ခစနစ်ဖြင့် ချုပ်လုပ်မှု (CMP) ဖြင့် ဆောင်ရွက်မည့်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် ၁၁၂/ ၁၁၂-က၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ စက်မှုလက်မှု၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၃၅.၀ သန်း (ကျပ်သုံးဆယ့်ငါး သန်း တိတိ)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

<u>ရဲစခန်း ထောက်ခံချက်</u>

ရက်စွဲ၊ ၁၆-၂-၂၀၀၀ ။

အမှတ်(၁၁၂)၊ အမရလမ်း၊ (င)/စက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သော အဘ-ဦးကြည်ဖေသား ဦးဇော်ဝင်း အမျိုးသားမှတ်ပုံတင်အမှတ်-၁၂/လသန(နိုင်)၀၀၁၁၂၅၊ ကိုင်ဆောင်သူ၏ ပိုင်ဆိုင်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အမှတ်-မနသ-၂၇၆/၉၉ (၁၉၉၉-ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်းသို့ လာရောက်အကြောင်းကြားသည်မှာ မှန်ကန်ပါကြောင်း ထောက်ခံပါသည်။

[illegible]

[illegible]

စခန်းမှူး ([illegible])

မြောက်ဥက္ကလာပရဲစခန်း၊

[illegible]

NAY MIN AUNG GARMENT CO., LTD.

蔘龍製衣廠有限公司

No. 112, Amayar Street, C / Industrial Zone, North Okkalapa Township,
Yangon, Myanmar. Ph : 091 - 1 - 661871 Fax : 091 - 1 - 666486

Date............................

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ၊ ၂၀၀၀ပြည့်နှစ်၊ မတ်လ(၂၄)ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့် လက်မှတ် ပျောက်ဆုံး သွား ပါ၍ အသစ်(မိတ္တူမှန်) ပြန်လည်ထုတ်ယူရန်အတွက် ငွေသွင်း ချလံပူးတွဲတင်ပြခြင်း</u>။

နေမင်း အောင်ဂရင့်ကုမ္ပဏီလီမိတက်၏ မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်လက်မှတ် ပျောက်ဆုံး သွား ပါ၍ ၁၇-၂-၂၀၀၀ ပြည့်နှစ်တွင်အသစ်(မိတ္တူ)ပြန်လည်ထုတ် ပေး ပါရန် လျှောက်ထား ခဲ့ပါသည်။

ယခုအခါ အဆိုပါခွင့်ပြုမိန့်လက်မှတ်ပြန်လည်ထုတ်ယူရန်အတွက် ငွေသွင်း ချလံနှင့်အတူ ပူး တွဲတင်ပြ လျှောက်ထား အပ်ပါသည်။

မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့် လက်မှတ်၏စာအမှတ် မှာ(၃၇၇၄)၊ နေ့စွဲ(၂၃-၇-၉၉) တို့ဖြစ်ပါသည်။

လေးစားစွာဖြင့်

ZAW WIN
MANAGING DIRECTOR
NAY MIN AUNG GARMENT CO., LTD.

၁၀	နေမင်း အောင်အထည်ချုပ်ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြုမိန့်လက်မှတ် ပျောက်ဆုံးသွားပါ၍ အသစ် (မိတ္တူမှန်) ပြန်လည် ထုတ်ပေး ပါရန် လျှောက်ထား ခြင်း ။ ဆုံး ဖြတ် ချက်။ - ကုမ္ပဏီအားကျပ်၅၀၀၀ ပေးသွင်း စေရန် - မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် လက်မှတ်အသစ် (မိတ္တူမှန်) ထုတ် ပေး ရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုကော်မရှင်

၃.၃.၂၀၀၀

<u>လျှို့ဝှက်</u>

<u>ကော်မရှင်၏ ၃/၂၀၀၀ အစည်းအဝေး</u>

အကြောင်းအရာ။ ။ <u>နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်လက်မှတ် ပျောက်ဆုံးသွားပါ၍ အသစ် (မိတ္တူမှန်) ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားခြင်း</u>။

- နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်အား လက်ခစားထုတ်လုပ်မှုစနစ် (CMP) ဖြင့်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂၃-၇-၉၉) နေ့တွင်ခွင့်ပြုမိန့်အမှတ် မနသ-၂၇၆/၉၉ ကိုထုတ်ပေးခဲ့ပါသည်။

- ယခုအခါနေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်မှအဆိုပါခွင့်ပြုမိန့်လက်မှတ်မှာ မြောက်ဥက္ကလာပမြို့နယ်အတွင်း ခရီးသွားလာရင်း ပျောက်ဆုံးသွားခဲ့ပါသဖြင့် အသစ် (မိတ္တူမှန်) ပြန်လည်ထုတ်ပေးပါရန်ကို မြောက်ဥက္ကလာပရဲတပ်ဖွဲ့စခန်း၏ ထောက်ခံချက်ဖြင့်တင်ပြလာပါသည်။ (ပူးတွဲ)

- ခွင့်ပြုမိန့်လက်မှတ်မိတ္တူကဒ်ပြားသာထုတ်ပေးလေ့ရှိပြီး၊ ကုမ္ပဏီမှကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်ပါသည်။

- သို့ပါ၍ နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်မှ ကော်မရှင်ခွင့်ပြုမိန့်လက်မှတ် ပျောက်ဆုံးသွားပါ၍အသစ် (မိတ္တူမှန်) ပြန်လည်ထုတ်ပေးပါရန်တင်ပြလာခြင်း အပေါ်လမ်းညွှန်မှုပြုနိုင်ပါရန်တင်ပြအပ်ပါသည်။

<u>လျှို့ဝှက်</u>

ဝင်း / *

O/C

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း မြန်မာနိုင်ငံသားများ
ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

နေ မင်း အောင် အထည်ချုပ် ကုမ္ပဏီ လီမိတက်

▲▲▲▲▲▲▲▲▲▲▲▲▲▲

PROPOSAL OF THE INVESTOR TO MAKE MYANMAR CITIZENS INVESTMENT IN THE UNION OF MYANMAR

NAY MIN AUNG GARMENT COMPANY LIMITED

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ၊ ။ ၁၉၉၉ ခုနှစ် မေလ (၂၆) ရက်

အကြောင်းအရာ။ ။ **<u>မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ အဆို ပြုချက်များ ပေးပို့ ခြင်း။</u>**

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်တို့၏ **NAY MIN AUNG GARMENT CO., LTD.** သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီအထည်အမျိုးမျိုးချုပ်လုပ်သည့်(၂)ထပ်အလုပ်ရုံ တည်ဆောက်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

အကြိုစီစစ်ရန် တင်ပြထားသော အဆိုပြုချက်မှ ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်ရှိသော အချက်များကို ပြန်လည်ပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လိုအပ်သလိုဆက်လက်စီစဉ်ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့၏ ကုမ္ပဏီအဆိုပြုလွှာ (၂၅) စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး ဇော် ဝင်း)
(ဒါ ရိုက် တာ)
Nay Min Aung Garment Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၉ ခုနှစ်၊ ဧပြီလ (၂) ရက်

အကြောင်းအရာ။ **။<u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ အကြိုစိစစ်ပေးနိုင် ရန် ပေးပို့ ခြင်း။</u>**

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်တော်တို့၏ **Nay Min Aung Garment Co., Ltd.** အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီအထည်အမျိုးမျိုးချုပ်လုပ်သည့် (၂)ထပ်အလုပ်ရုံတည်ဆောက်ပြီး အခစားထုတ်လုပ်မှုစနစ် **(Cutting , Making & Packaging System)** ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသောကုမ္ပဏီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ကျွန်တော်တို့၏ အဆိုပြုလွှာကို လိုအပ်သလို စိစစ်ပေးနိုင်ရန်အတွက် အဆိုပြုလွှာ (၆) စုံ ကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး ဇော် ဝင်း)
(ဒါ ရိုက် တာ)
Nay Min Aung Garment Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၉ ခုနှစ်၊ ဧပြီလ (၂) ရက်။

အကြောင်းအရာ။ ။ <u>**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ကတိခံဝန်ချက် များပေးပို့ခြင်း။**</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ကျွန်တော်တို့၏ **Nay Min Aung Garment Co., Ltd.** အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီအထည်အမျိုးမျိုးချုပ်လုပ်သည့် (၂)ထပ်အလုပ်ရုံတည်ဆောက်ပြီး အခစားထုတ်လုပ်မှုစနစ် (**Cutting , Making & Packaging System**) ဖြင့်လုပ်ငန်း လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားသောကုမ္ပဏီ ဖြစ်ပါသည်။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင်နိုင်ငံခြားမှ မည်သူမှ ပိုင်ဆိုင်မှုမရှိကြောင်း နှင့်အောက်ပါအချက်များကို သိရှိလိုက်နာမည်ဖြစ်ပါကြောင်းဝန်ခံကတိပြုပါသည်။

၁။ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်းပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ် ပွားစေရန်အတွက် လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် မီးဘေးကြိုတင်ကာ ကွယ်မှုများပြုလုပ်၍ လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုပါသည်။

၂။ **Nay Min Aung Garment Co., Ltd.** သည်လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်း သုံးပစ္စည်းများကို ရွှေဆိုင်းငွေပေးချေစနစ် (Deferred Payment System) ဖြင့် ဝယ်ယူတင်သွင်းပြီး ပြန်လည် ပေးဆပ်သည့်အခါ အဆိုပြုလုပ်ငန်းမှ ရရှိသည့်တရားဝင်နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်မည် ဖြစ်ပါသည်။

၃။ **Nay Min Aung Garment Co., Ltd.** သည်လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများကို ရွှေဆိုင်းငွေပေးချေစနစ် (Deferred Payment System) ဖြင့် ရယူဆောင် ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ငွေချေးသူ၏ တာဝန်သာလျှင်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၄။ ထို့အပြင်နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်မည်ဟု ဝန်ခံကတိ ပြုပါသည်။

၅။ ယခုအဆိုပြုတင်ပြသည့်လုပ်ငန်းသည် လုပ်ငန်းသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး ဇော် ဝင်း)
(ဒါရိုက်တာ)
Nay Min Aung Garment Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၉ ခုနှစ်၊ ဧပြီလ (၂) ရက်။

အကြောင်းအရာ။ **။<u>ပြည်ထောင်စုမြန်မာနိုင်ငံတော်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပုဒ်မ ၁၂ နှင့် ၁၃ တို့အရအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များလျှောက်ထားခြင်း။</u>**

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **Nay Min Aung Garment Co., Ltd.** သည် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၁၂ နှင့် ၁၁၂-က မြေအကျယ် (၀.၆၁၇) ဧက ရှိသောမြေနေရာတွင် နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်သည့် (၂)ထပ်အလုပ်ရုံ တည်ဆောက်ပြီး အခစားချုပ်လုပ်မှုစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်၍ နိုင်ငံခြားသို့ပြန်လည်တင်ပို့ပြီး နိုင်ငံခြားငွေရရှိရန် ခေတ်မီနည်းပညာ၊ စက်ကိရိယာများ ဖြင့်ပြုလုပ်ခွင့်ရရှိရန်ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့် လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ကျွန်တော်တို့၏ ကုမ္ပဏီလီမိတက်သည် နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုးချုပ်လုပ်ခြင်းအတွက် လိုအပ်မည့် ကမ္ဘာ့အဆင့်အတန်းမီစက်ကိရိယာများကို ပြည်ပမှဝယ်ယူပြီး အရင်းအနှီးအဖြစ်ထည့်ဝင်မည်ဖြစ်ပြီး အမေရိကန် ဒေါ်လာ (၅.၀)သိန်းတန်ဖိုးရှိ စက်ကိရိယာပစ္စည်းများကို စင်္ကာပူ ရှိ **Hing Ah Trading (Singapore) Pte. Ltd.** မှ အရှုံး ဆိုင်းငွေပေးချေခြင်းစနစ် (Deferred Payment System) အရ (၄) နှစ်အတွင်း အတိုးနှုန်း ၄ % ဖြင့်ပြန်လည်ပေးဆပ်၍ အကြွေးဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ကုမ္ပဏီလီမိတက်အနေဖြင့် ယခုအဆိုပြုလုပ်ငန်းအတွက်ရင်းနှီးငွေ စုစုပေါင်း(၃၂.၀)သန်း ကိုမြန်မာနိုင်ငံကျပ်ငွေ၊ စက်ပစ္စည်းများ အဆောက်အအုံ၊ များဖြင့် ထည့်ဝင်ပြီး ရင်းနှီး မြှုပ်နှံကြမည်ဖြစ်ပါသည်။ ချုပ်လုပ်ဖြန့်ဖြူးရောင်းချ ၍ရရှိလာသော အမြတ်ငွေများကိုလည်း မြန်မာနိုင်ငံတော်အတွင်း အခြားခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံ သွားရန်ရည်ရွယ်ပါသည်။ ထုတ်လုပ်ရရှိသော ကမ္ဘာ့အဆင့်အတန်းမီအထည်အမျိုးမျိုး ကို နိုင်ငံခြားသို့ တင်ပို့မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက်လည်းကောင်း၊ စက်မှုနည်းပညာများတိုးပွား ရရှိစေရန် အတွက်လည်းကောင်း၊ နိုင်ငံသားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း အလို့ငှာလည်းကောင်း၊ ကျွန်တော်တို့ **Nay Min Aung Garment Co., Ltd.** ၏ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်များနှင့် သက်သာခွင့်များကို လည်းပေးပါရန် ရိုသေလေးစားစွာ ဖြင့်လျှောက်ထား အပ်ပါသည်။

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားစာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုပြုလုပ်ပါရန် ကမကထပြု သူ၏လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်၊

၂။ လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ၊

၃။ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ (မူ ကြမ်း)

၄။ ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှုဇယားများ၊

ရိုသေလေးစားစွာဖြင့်

(ဦး ဇော် ဝင်း)
(ဒါ ရိုက် တာ)
Nay Min Aung Garment Co., Ltd.

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ-၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်
(ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈)

သို့ .

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊
ရက်စွဲ။ ။ ၂ - ၄ - ၉၉

ကျွန်တော်/ကျွန်မ သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလိုပါသဖြင့် ခွင့်ပြုပါရန် အောက်ပါအချက်အလက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံသူ၏ -
(က) အမည် - ဦး ဇော် ဝင်း
(ခ) အဘအမည် - ဦး ကြည်
(ဂ) နိုင်ငံသား အမျိုးသားမှတ်ပုံတင်အမှတ် - ၁၂/လသန(နိုင်) - ၀၀၃၃၂၅
(ဃ) နေရပ်လိပ်စာ - အမှတ် ၁၁၂၊ အမရာ လမ်း၊ စီ/စက်မှု ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(င) လူမျိုး / ဘာသာ - တရုတ် ဗုဒ္ဓဘာသာ
(စ) အဖွဲ့အစည်းအမည် -
(ဆ) လုပ်ငန်းအမျိုးအစား -
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ် - အမှတ် ၁၁၂၊ အမရာ လမ်း၊ စီ/စက်မှု ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ် ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏
(က) အမည် -
(ခ) အဘအမည် -
(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ် -
(ဃ) နေရပ်လိပ်စာ -
(င) လူမျိုး / ဘာသာ -
(စ) အဖွဲ့အစည်းအမည် -
(ဆ) လုပ်ငန်းအမျိုးအစား -
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ် -

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား
(က) ကုန်ထုတ်လုပ်မှု လုပ်ငန်း - နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး အား အခစားစနစ် ဖြင့်ချုပ်လုပ်ခြင်း လုပ်ငန်း
(ခ) ဝန်ဆောင်မှုလုပ်ငန်း -

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ -
(က) နိုင်ငံသားနှင့်နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း -
(ခ) အဖွဲ့အစည်းနှင့်နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း -
(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့ က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း -

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ်ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဌာန် -
(က) တစ်ဦးတည်းပိုင် -
(ခ) အစုစပ်လုပ်ငန်း -
(ဂ) လီမိတက် ကုမ္ပဏီ - Nay Min Aung Garment Co., Ltd.
(ဃ) သမဝါယမအသင်း -

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက
(က) အစုဝင်တို့ကထည့်ဝင်မည့်အစုငွေ အမျိုးအစားနှင့် ပမာဏ -
(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား -
(ဂ) အစုဝင်များ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ -
(နေရာမလုံလောက်ကသီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယာမအသင်း/လီမိတက် ကုမ္ပဏီ ဖြစ်ပါက
(က) ခွင့်ပြုမတည်ငွေရင်း - ကျပ်၅၀,၀၀၀,၀၀၀/-(ကျပ်သန်းငါးဆယ်တိတိ)
(ခ) အစုရှယ်ယာအမျိုးအစား - တစ်စုလျှင် ကျပ်၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ) တန် သာမန်အစုရှယ်ယာ ၅,၀၀၀ (ငါးထောင်)
(ဂ) အစုရှယ်ယာရှင်များထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ - ကျပ် ၃၂,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးရာနှစ်ဆယ်တိတိ) တစ်စုလျှင် ကျပ်၁၀,၀၀၀/- တန် အစုရှယ်ယာ (၃၂၀၀)သာမန်အစုရှယ်ယာ

၈။ ရင်းနှီးမြှုပ်နှံမှုပြု လုပ်သည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ-
(က) မတည်ငွေရင်းပမာဏ (ယခုအဆိုပြုလုပ်ငန်းအတွက်)

	ကျပ်
(၁) ငွေပမာဏ	၁၇,၀၀၀,၀၀၀
(၂) ကုန်ကြမ်းပစ္စည်းများ	-
(၃) အဆောက်အဦး (နောက်ဆက်တွဲဇယား-၂)	၁၅,၀၀၀,၀၀၀
(၄) မြေ	-
(၅) စက်ပစ္စည်းကိရိယာများ(နောက်ဆက်တွဲဇယား-၃)	၃,၀၀၀,၀၀၀
(၆) ဆောက်လုပ်ရေးပစ္စည်းများ	-
စုစုပေါင်းထည့်ဝင်ရင်းနှီးငွေ	၃၅,၀၀၀,၀၀၀

စက်ပစ္စည်းကိရိယာများနှင့်စက်တန်ဆာဗလာပစ္စည်းများ ကို Nay Min Aung Garment Co.,Ltd. သည် စင်္ကာပူရှိ Hing Ah Trading (Singapore) Pte. Ltd. မှရွှေ့ဆိုင်ငွေပေးချေခြင်းစနစ် (Deferred Payment System) ဖြင့် (၄)နှစ်အတွင်းပြန်ဆပ်၍တစ်နှစ်လျှင် အတိုး (၄) ရာခိုင်နှုန်းဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်

	ကျပ်	အမေရိကန်ဒေါ်လာ
(၁) စက်ပစ္စည်းများ၊စက်ကိရိယာများ၏တန်ဖိုး	၃,၀၀၀,၀၀၀	၅၀၀,၀၀၀
(၂) ဆောက်လုပ်ရေးပစ္စည်းများ	--	--
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏တန်ဖိုးပမာဏ		
	၃,၀၀၀,၀၀၀	၅၀၀,၀၀၀

(ဂ) တည်ဆောက်မှုကာလ — (၁၁) လ

(ဃ) ပဏာမစူးစမ်းလေ့လာမှု ပြုလုပ်မည့်ကာလ — (၁) လ

(င) တည်ဆောက်မှု စတင်မည့်အချိန် — မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုမိန့် ရရှိသည့်နေ့မှ စတင်ဆောင်ရွက်သွားမည်။

၉။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့ အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား – နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ဒေသများ – မြေကွက်၁၁၂/၁၁၂–က၊ မြေတိုင်းရပ်ကွက်အမှတ် ၈ စက်မှုလက်မှု၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) ဆောင်ရွက်မည့်ပုံ နည်းစနစ် – အခစား ချုပ်လုပ်မှု စံနစ်
(Cutting, Making & Packaging) C.M.P

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက် –

၁။ ဒီဇယ်ဆီ -- ဂါလန် (၁၅၀၀၀)

၂။ ဓါတ်ဆီ – ဂါလန် (၄၀၀၀)

၃။ စက်ဆီ၊ချောဆီ -- ဂါလန် (၅၀၀)

(င) နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက် –

၁။ လျှပ်စစ်ဓါတ်အား – ၅၀၀ ကီလိုဝပ်

၂။ ဒီဇယ်ဆီ အင်ဂျင်စက်အင်အား – (၅၀၀)

၃။ ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား – ၅၀၀ ကီလိုဝပ်

၄။ သဘာဝဓါတ်ငွေ့ သုံးစက်အား –

၅။ ပေးပို့ သည့်အခြားအား –
(ရေအား / လေအားစသည်များ)

(စ) နှစ်စဉ် ရေလိုအပ်ချက် –

၁။ တစ်နေ့ ရေလိုအပ်ချက် – ဂါလန် (၁၅၀၀)

၂။ တစ်နှစ် ရေလိုအပ်ချက် – ဂါလန် (၄၅၀၀၀၀)

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက် – နောက်ဆက်တွဲ ဇယား – ၄

(ဇ) အဆောက်အဦးလိုအပ်ချက် – (၁၃၀'×၅၀') (၂)ထပ်အဆောက်အဦး (၁)လုံး

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် – ပုဂ္ဂလိကပိုင်မြေ (၀.၆၁၇) ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း / ဝန်ဆောင်မှု – နောက်ဆက်တွဲဇယား – ၅

(ဋ) ရောင်းချမည့်နည်းစနစ် – ပြည်ပသို့တင်ပို့ခြင်း – ၉၀%
ပြည်တွင်းကျပ်ငွေဖြင့်ရောင်းချခြင်း – ၁၀%

၁၀။ နှစ်စဉ်ထုတ်လုပ်မှု / ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအချက်အလက်များ--

	ခန့်မှန်းခြေ ကျပ်ငွေ / နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့် ကျပ်ငွေ	နောက်ဆက်တွဲ ဇယား - ၆
(ခ) လိုအပ်မည့် နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ ဇယား - ၇
(ဂ) ရရှိမည့် နိုင်ငံခြားသုံးငွေပမာဏ	နောက်ဆက်တွဲ ဇယား - ၅
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုး	နောက်ဆက်တွဲ ဇယား - ၅
(င) နှစ်စဉ် ပြည်တွင်း၌ ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုး	နောက်ဆက်တွဲ ဇယား - ၅

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့် အမှုထမ်းစာရင်း — နောက်ဆက်တွဲ ဇယား - ၈

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ

(ခ) နိုင်ငံခြားမှ လိုအပ်သည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ

၁၂။ စီးပွားရေး တွက်ချေကိုက်မှုနှင့်စပ်လျဉ်းသော အချက်အလက်များ

	ခန့်မှန်းခြေ ကျပ်ငွေ / နိုင်ငံခြား
(က) နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ ဇယား - ၇
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ ဇယား - ၇
(ဂ) နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ ဇယား - ၇
(ဃ) နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု	နောက်ဆက်တွဲ ဇယား - ၉
(င) အရင်းကြေကာလ	နောက်ဆက်တွဲ ဇယား - ၁၀
(စ) အခြားအကျိုးအမြတ်များ	နောက်ဆက်တွဲ ဇယား - ၁၁
(ဆ) အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ	နောက်ဆက်တွဲ ဇယား - ၈

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့်စပ်လျဉ်းသည့် အထောက်အထားများ-- ပြပါ အထောက်အထားများကို အဆိုပြုတင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင် ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း

(ခ) လုပ်ငန်းပိုင်းနှင့် ငွေကြေးရေးဆိုင်ရာ အထောက်အထားများ

(ဂ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (မူကြမ်း)

(ဃ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အထောက်အထားများ။

လက်မှတ် ။ ။

အမည် ။ ။ ဦး ဇော်ဝင်း

ရာထူး ။ ။ ဒါရိုက်တာ

Na[illegible]y Min Aung Garme

LIST OF EXECUTIVES OF NAY MIN AUNG GARMENT CO., LTD.

Exhibit No. (1)

Sr. No.	Name	Citizenship & N.R.C No.	Designation	Address	Amount of Capital	%
	Nay Min Aung Garment Company Limited			ကို ကိုယ်စားပြု သူ များ	(၃၂၀)သန်း	၁၀၀%
၁။	ဦး ဇော် ဝင်း	၁၂/လသန (နိုင်) ၀၀၃၃၂၅	ဒါရိုက်တာ	အမှတ် ၁၁၂၊ အမရာ လမ်း၊ စီ / စက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။		
၂။	ဒေါ်ခင်ခင်ကြည်	LTA - 003625	ဒါရိုက်တာ	အမှတ် ၁၁၂၊ အမရာ လမ်း၊ စီ / စက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။		

VALUE OF FACTORY BUILDINGS

Exhibit No. II

Sr. No.	Description	Dimension	No. of Building	Estimate Cost (Kyats)
(A)	ဆောက်လုပ်ရမည့်အဆောက်အအုံများ			
1	ပင်မ စက် ရုံ (၂) ထပ်	130' x 50'	(1) No.	15,000,000
			TOTAL	15,000,000

NAY MIN AUNG GARMENT LIMITED

LIST OF MACHINERIES AND CONSTRUCTION MATERIALS

To Be Imported By Deferred Payment System. Exhibit No. (III)

SR. NO.	PARTICULARS	A/U	QTY	RATE US$	AMOUNT US$
1	Cutting Machine	Set	6	1450	8700
2	Auto lock stitch Cutting Machine	Set	6	2000	12000
3	Embroidery Machine (18 Heads)	Set	4	21000	84000
4	Embroidery Machine (8 Heads)	Set	4	19000	76000
5	One needle Lock stitch Machine	Set	100	400	40000
6	Overlock Sewing Machine	Set	70	850	59500
7	One needle Lock stitch Button holding Machine	Set	4	1500	6000
8	Single thread chainstitch button sewing Machine	Set	4	1100	4400
9	Interlock Machine	Nos	20	850	17000
10	Automatic Electric Industrial Boiler	Set	2	2000	4000
11	Steam Iron with Adjustable Heater	Nos	12	25	300
12	Flat Knitting Machine	Nos	10	300	3000
13	Electric Cloth Cutter	Nos	10	250	2500
14	One needle lock stitch Button holding machine	Set	3	2200	6600
15	Industrial Steam Iron	Nos	8	120	960
16	Vacuum Table	Nos	2	250	500
17	End Cut Machine	Set	5	500	2500
18	Interchangeable Single Knit	Nos	4	11000	44000
19	Generator 400 KVA W/accessories	Nos	2	24245	48490
20	Air condition (Split)	Nos	3	850	2550
21	Wagon Land Cruiser	Nos	1	20000	20000
22	Mini - Bus 15 Seats	Nos	1	16000	16000
23	Saloon	Nos	1	21000	21000
24	Truck 2.5 Tons	Nos	1	15000	15000
25	Copier Machine	Set	1	2000	2000
26	Computer	Set	2	1500	3000
				Total	500000
	Grand Total			Grand Total	500000

VALUE OF RAW MATERIALS

Exhibit No . IV

SR. NO.	Particulars	A/U	Year 1	Year 2	Year 3	Year 4	Year 5-10
1	QUANTITY						
1	Various Fabric	Kilo 000	1200	1300	1400	1500	1600
2	Yoko and cuff	Pcs 000	3600	3800	4000	4200	4400
3	Main Label	Pcs 000	2000	2100	2200	2300	2400
4	Size Label	Pcs 000	2000	2100	2200	2300	2400
5	Wash Label	Pcs 000	2000	2100	2200	2300	2400
6	Polyester Button	Pcs 000	5000	5300	5600	5900	6200
7	Snare Button	Pcs 000	5000	5300	5600	5900	6200
8	Thread	Kilo 000	600	675	750	825	900
9	Shoulder Pad	Pcs 000	600	675	750	825	900
10	S/P Thread	Kilo 000	600	675	750	825	900
11	Nylon Thread	Kilo 000	700	775	850	925	1000
12	Hang Tag	Pcs 000	2000	2100	2200	2300	2400
13	Pin	Pcs 000	2000	2100	2200	2300	2400
14	Maker Paper	Pls 000	2000	2100	2200	2300	2400
15	Poly Bag	Pcs 000	2000	2100	2200	2300	2400
16	PE Poly Bag	Pcs 000	2000	2100	2200	2300	2400
17	Inter lining	Yds 000	200	205	210	215	220
18	Zipper	Pcs 000	2000	2100	2200	2300	2400
19	Elastic	Yds 000	200	205	210	215	220
20	Piping	Pcs 000	7000	7300	7600	7900	8200
21	Hanger	Pcs 000	2000	2100	2200	2300	2400
22	Care Label	Pcs 000	2000	2100	2200	2300	2400
23	Tissue Paper	Pcs 000	2000	2100	2200	2300	2400
24	Paper Card	Pcs 000	2000	2100	2200	2300	2400
25	Cotton Line 45"	Pcs 000	2000	2100	2200	2300	2400
26	Stick	Pcs 000	2000	2100	2200	2300	2400
27	Woven Band	Pcs 000	2000	2100	2200	2300	2400
28	Cotton String	Pcs 000	2000	2100	2200	2300	2400
29	Binding	Pcs 000	2000	2100	2200	2300	2400
30	Belly Band	Pcs 000	2000	2100	2200	2300	2400
31	Gun Pin	Pcs 000	2000	2100	2200	2300	2400
32	Cello Tape	Rls 000	50	55	60	65	70
33	Opp Tape	Rls 000	50	55	60	65	70
34	RIB YID Feeder stripe	Pcs 000	2000	2100	2200	2300	2400
35	Non Woven Fusible Interlining	Pcs 000	2000	2100	2200	2300	2400
36	Water Proof Bag	Pcs 000	2000	2100	2200	2300	2400
37	Embroidery Paper	Pcs 000	2000	2100	2200	2300	2400
38	PVC bags	Pcs 000	2000	2100	2200	2300	2400
39	Metal Zipper	Pcs 000	2000	2100	2200	2300	2400
40	Metal Clasp gold & silver	Pcs 000	2000	2100	2200	2300	2400
41	Furry Applique (picture)	Pcs 000	2000	2100	2200	2300	2400
42	Bullet	Pcs 000	2000	2100	2200	2300	2400
43	Drawstring	Yds 000	700	800	900	1000	1100
44	Stopper	Pcs 000	2000	2100	2200	2300	2400
45	Eyelet	Pcs 000	3600	3700	3800	3900	4000
46	Velcro Tape	Yds 000	700	800	900	1000	1100
47	Carbon	Rolls	100	200	300	400	500
48	Twill Tape	Yds 000	700	800	900	1000	1100
49	Polyfill	Yds 000	700	800	900	1000	1100
50	Price Ticket	Pcs 000	2000	2100	2200	2300	2400

Note: To be imported by C.M.P

GOODS TO BE PRODUCED

Sheet No. I

Exhibit No. (V)

Sr. No.	PARTICULARS	A/U	Year 1	Year 2	Year 3	Year 4	Year 5-10
1 A	**PRODUCTIONS**						
1	Polo Shirt	Dzs 000	30	32	34	36	38
2	T Shirt	Dzs 000	30	32	34	36	38
3	Track Suit	Dzs 000	20	21	22	24	26
4	Pant	Dzs 000	10	11	11	12	12
5	Short Pant	Dzs 000	5	6	6	7	7
6	Infant Dress	Dzs 000	10	11	11	12	12
7	Sleep Wear	Dzs 000	10	11	11	12	12
8	Blouse	Dzs 000	10	11	11	12	12
2 A	**EXPORT QTY (90 %)**						
1	Polo Shirt	Dzs 000	27	28.8	30.6	32.4	34.2
2	T Shirt	Dzs 000	27	28.8	30.6	32.4	34.2
3	Track suit	Dzs 000	18	18.9	19.8	21.6	23.4
4	Pant	Dzs 000	9	9.9	9.9	10.8	10.8
5	Short Pant	Dzs 000	4.5	5.4	5.4	6.3	6.3
6	Infant Dress	Dzs 000	9	9.9	9.9	10.8	10.8
7	Sleep Wear	Dzs 000	9	9.9	9.9	10.8	10.8
8	Blouse	Dzs 000	9	9.9	9.9	10.8	10.8
B	**REJECT QTY (10 %)**						
1	Polo Shirt	Dzs 000	3	3.2	3.4	3.6	3.8
2	T Shirt	Dzs 000	3	3.2	3.4	3.6	3.8
3	Track suit	Dzs 000	2	2.1	2.2	2.4	2.6
4	Pant	Dzs 000	1	1.1	1.1	1.2	1.2
5	Short Pant	Dzs 000	0.5	0.6	0.6	0.7	0.7
6	Infant Dress	Dzs 000	1	1.1	1.1	1.2	1.2
7	Sleep Wear	Dzs 000	1	1.1	1.1	1.2	1.2
8	Blouse	Dzs 000	1	1.1	1.1	1.2	1.2
3 A	**PROD. CHARGES**						
1	Polo Shirt	US$ / Dz	3.5	3.5	3.5	3.5	3.5
2	T Shirt	US$ / Dz	2	2	2	2	2
3	Track suit	US$ / Dz	6	6	6	6	6
4	Pant	US$ / Dz	4.5	4.5	4.5	4.5	4.5
5	Short Pant	US$ / Dz	3.5	3.5	3.5	3.5	3.5
6	Infant Dress	US$ / Dz	3	3	3	3	3
7	Sleep Wear	US$ / Dz	4	4	4	4	4
8	Blouse	US$ / Dz	3.5	3.5	3.5	3.5	3.5
B	**REJECT SALE PRICE**						
1	Polo Shirt	Ks / Dz	3000	3010	3020	3030	3040
2	T Shirt	Ks / Dz	2600	2610	2620	2630	2640
3	Track suit	Ks / Dz	9600	9610	9620	9630	9640
4	Pant	Ks / Dz	6000	6010	6020	6030	6040
5	Short Pant	Ks / Dz	3000	3010	3020	3030	3040
6	Infant Dress	Ks / Dz	6000	6010	6020	6030	6040
7	Sleep Wear	Ks / Dz	8000	8010	8020	8030	8040
8	Blouse	Ks / Dz	3600	3610	3620	3630	3640

GOODS TO BE PRODUCED

Sheet No. II

Exhibit No. (V)

Sr. No.	PARTICULARS	A/U	Year 1	Year 2	Year 3	Year 4	Year 5-10
4 A	**US$ INCOMES AMOUNT**						
1	Polo Shirt	US$ 000	94.50	100.80	107.10	113.40	119.70
2	T Shirt	US$ 000	54.00	57.60	61.20	64.80	68.40
3	Track suit	US$ 000	108.00	113.40	118.80	129.60	140.40
4	Pant	US$ 000	40.50	44.55	44.55	48.60	48.60
5	Short Pant	US$ 000	15.75	18.90	18.90	22.05	22.05
6	Infant Dress	US$ 000	27.00	29.70	29.70	32.40	32.40
7	Sleep Wear	US$ 000	36.00	39.60	39.60	43.20	43.20
8	Blouse	US$ 000	31.50	34.65	34.65	37.80	37.80
	Total US$	US$ 000	407.25	439.20	454.50	491.85	512.55
	Equivalent in Kyat	KS 000	2444	2635	2727	2951	3075
B	**KYAT INCOME AMOUNT**						
1	Polo Shirt	KS 000	9000	9632	10268	10908	11552
2	T Shirt	KS 000	7800	8352	8908	9468	10032
3	Track suit	KS 000	19200	20181	21164	23112	25064
4	Pant	KS 000	6000	6611	6622	7236	7248
5	Short Pant	KS 000	1500	1806	1812	2121	2128
6	Infant Dress	KS 000	6000	6611	6622	7236	7248
7	Sleep Wear	KS 000	8000	8811	8822	9636	9648
8	Blouse	KS 000	3600	3971	3982	4356	4368
	Total Kyat	KS 000	61100	65975	68200	74073	77288
	Grand Total In Kyat	KS 000	63544	68610	70927	77024	80363

Note: (1) Exchange Rate 1 US$ = Kyats 6.00

AMOUNT OF WORKING CAPITAL REQUIREMENT & CASH FLOW STATEMENT

(Kyats in Thousand)

Exhibit No. (VI)

Sr. No.		Particulars	Year 1	Year 2	Year 3	Year 4	Year 5	Year 6	Year 7	Year 8	Year 9	Year 10
1		2	3	4	5	6	7	8	9	10	11	12
1		CASH IN FLOW										
	1	Equity Capital - In Cash	17000									
	2	Equity Capital - In Buildings	15000									
	3	Loan Capital - In Machineries	3000									
	4	Profit (Loss) after Tax	6014	8586	8293	8580	7971	7971	7971	7971	7971	7971
	5	Depreciation	1800	1800	1800	1800	1800	1800	1800	1800	1800	1800
			42814	10386	10093	10380	9771	9771	9771	9771	9771	9771
2		CASH OUT FLOW										
	1	Building	15000									
	2	Land		–								
	3	Repayment for Deferred Payment Purchase (US$ 125,000@k6 = 750,000 per year)	750	750	750	750						
			15750	750	750	750	0	0	0	0	0	0
3		Net Cash Flow	27064	9636	9343	9630	9771	9771	9771	9771	9771	9771
4		Opening Balance		27064	36700	46043	55673	65444	75215	84986	94757	104528
5		Closing Balance	27064	36700	46043	55673	65444	75215	84986	94757	104528	114299

Note: (1) Exchange Rate 1 US$ = Kyat 6.00

LIST OF PERSONNEL REQUIREMENT

Exhibit No VII

Sr. No.	Description	No. of Requirement
A	**LOCAL PERSONNEL**	
1	General Manager	1
2	Administrative Manager	1
3	Financial Manager	1
4	Marketing Manager	2
5	Factory Manager	1
6	Office Staff	6
7	Engineer	1
8	Technician	5
9	Production Supervisor	10
10	Quality Control.	8
11	Skill Workers	80
12	Semi - skilled Workers	40
13	Un skilled Workers	5
14	Driver	6
15	Guard Man	4
		171
	FOREIGN PERSONNEL	
1	Engineer	3
2	Production Supervisor / Manager	3
		6
	TOTAL	177

PARTICULAR RELATING TO ECONOMIC JUSTIFICATION

PROFIT & LOST BUDGET IN THOUSAND (000)

Exhibit No. VIII

SR. NO.	PARTICULARS	YEAR 1			YEAR 2			YEAR 3			YEAR 4			YEAR 5 - 10		
		US$	KYAT	EQU-KS	US$	KYAT	EQU-KS	US$	KYAT	EQU-KS	US$	KYAT	EQU-KS	US$	KYAT	EQU-KS
1.	**SALE INCOMES**															
	1 US$ Income (Chg)	407.25		2444	439.20		2635	454.50		2727	491.85		2951	512.55		3075
	2 Kyat Sales (Rej)		61100	61100		65975	65975		68200	68200		74073	74073		77288	77288
	Sub -- Total	407.25	61100	63544	439.20	65975	68610	454.50	68200	70927	491.85	74073	77024	512.55	77288	80363
2	**COST OF PRODUCTS**															
	1 Overhead Cost		7000	7000		7100	7100		7200	7200		7300	7300		7400	7400
	Sub -- Total	0	7000	7000	0.00	7100	7100	0	7200	7200	0.00	7300	7300	0.00	7400	7400
	Gross -- Profit	407.25	54100	56544	439.20	58875	61510	454.50	61000	63727	491.85	66773	69724	512.55	69888	72963
3	**EXPENDITURES**															
	1 Salary & Wages	10	17000	17060	12	18100	18172		19200	19200		20300	20300		21800	21800
	2 Electricity & Power	30	11000	11180	31	11100	11286	32	11200	11392	33	11300	11498	31	11700	11886
	3 Selling Expenses		4000	4000		4100	4100		4200	4200		4300	4300		4600	4600
	4 Administration Expenses		9500	9500		10500	10500		11700	11700		12900	12900		14300	14300
	5 Other Expenditures	25	6000	6150	26	6100	6256	27	6200	6362	28	6300	6468	26	6900	7056
	6 Land Rental Fee		720	720		720	720		720	720		720	720		720	720
	7 Interest on DPPV	20		120	15		90	10		60	5		30	0		0
	8 Depreciation		1800	1800		1800	1800		1800	1800		1800	1800		1800	1800
	Sub -- Total	85	50020	50530	84	52420	52924	69	55020	55434	66	57620	58016	57	61820	62162
	Net -- Profit	322.25	4080	6014	355.20	6455	8586	385.50	5980	8293	425.85	9153	11708	455.55	8068	10801
4	Income Tax										63.88	2746	3128	68.33	2420	2830
5	**TOTAL NET PROFIT**	322.25	4080	6014	355.20	6455	8586	385.50	5980	8293	361.97	6407	8580	387.22	5648	7971
6	**Commercial Tax**		6110	6110		6598	6598		6820	6820		7407	7407		7729	7729

Note (1) Exchange Rate 1 US$ = Kyat 6.00 (2) Interest on DPPV (Deferred Purchase Value) is 4 % per annum
(3) Commercial Tax is calculated at rate of 0% for US$ Sale Income and 10 % for Kyat Sale Income.
(4) Commercial Tax is not including in Sale Income.

YEARLY INVESTMENTS / CAPITAL COST

(Kyat in Thousand)

Exhibit No. (IX)

Sr. No.	Particulars	Equity	Loan	Total
1	2	3	4	5
1	**Investment Type**			
A	LOCAL CAPITAL			
1	In Cash	17000		17000
2	In Land		--	0
3	In Building	15000	0	15000
4	In Machineries		3000	3000
	Total Capital	32000	3000	35000

Note : Loan 3,000,000 Kyats is Equivalent in US$ 500,000 for the value of Machineries and equipment which purchased by the Deferred Payment System.

RECOUPMENT PERIOD

Exhibit No. (X)

SR. NO.	PARTICULARS		Year 1	Year 2	Year 3	Year 4	Year 5	Year 6	Year 7	Year 8	Year 9	Year 10
1	2	3	4	5	6	7	8	9	10	11	12	13
A	CASH IN FLOW											
1	Profit (Loss) after Tax		6014	8586	8293	8580	7971	7971	7971	7971	7971	7971
2	Depreciation		1800	1800	1800	1800	1800	1800	1800	1800	1800	1800
			7814	10386	10093	10380	9771	9771	9771	9771	9771	9771
B	CASH OUT FLOW											
1	Cash in Kyat	17000										
2	In Buildings	15000										
3	Raw Materials	0										
4	In Machinery + Const. Mat.	3000										
5	Land		--									
		35000	0	0	0	0	0	0	0	0	0	0
C	Net Cash Flow	-35000	7814	10386	10093	10380	9771	9771	9771	9771	9771	9771
D	Opening Balance		-35000	-27187	-16800	-6708	3673	13444	23215	32987	42758	52530
		-35000	-27187	-16800	-6708	3673	13444	23215	32987	42758	52530	62301

Note: (1) Pay Back (or) Recoupment period is 3 years and 8 months.

	Kyats	Periods
Year 1 to 3	6708	3 Years
Year 4(6708/10381)*12months	6708	8 Months
	0	3 Years and 8 months

FOREIGN EXCHANGE SAVING & LOCAL KYAT SAVING

Exhibit No. XI

PARTICULARS	UNIT	YEAR 1	YEAR 2	YEAR 3	YEAR 4	YEAR 5-10
Income in US$	US$ 000	407.25	439.20	454.50	491.85	512.55
Equivalent in Kyats	KS 000	2444	2635	2727	2951	3075
Local Sale in Kyats	KS 000	61100	65975	68200	74073	77288
Total Income in Kyats	KS 000	63544	68610	70927	77024	80363
Foreign Exchange Savings						
Earning in US$	US$ 000	407.25	439.20	454.50	491.85	512.55
Cost of Products in F.E	US$ 000	0	0	0	0	0
Expenditure in F.E	US$ 000	85	84	69	66	57
Repayment for deferred Purchase	US$ 000	125	125	125	125	0
Total Expenditure in F.E	US$ 000	210	209	194	191	57
F.E Net Saving	US$ 000	197.25	230.20	260.50	300.85	455.55
Local Kyats Savings						
Earning from Local Sales	KS 000	61100	65975	68200	74073	77288
Total Income in Kyats	KS 000	61100	65975	68200	74073	77288
Cost of Products in Kyats	KS 000	7000	7100	7200	7300	7400
Expenditure in Kyats	KS 000	48220	50620	53220	55820	60020
Total Expenditure in Kyats	KS 000	55220	57720	60420	63120	67420
Local Kyats Net Savings	KS 000	5880	8255	7780	10953	9868

Note: (1) Exchange Rate 1US$ = Kyats 6.00

INTERNAL RATE OF RETURN

Exhibit No. (XII)

YEAR	INVESTMENT (CASH OUT FLOW)	NET PROFIT	DEPRECIATION	TOTAL CASH IN FLOW	CASH FLOW	DCF		DCF	
						DF 20 %	DCF	DF 25 %	DCF
0	-35000				-35000		-35000		-35,000
1		6014	1800	7814	7814	0.833	6,509	0.800	6,251
2		8586	1800	10386	10386	0.694	7,208	0.640	6,647
3		8293	1800	10093	10093	0.579	5,844	0.512	5,168
4		8580	1800	10380	10380	0.482	5,003	0.410	4,256
5		7971	1800	9771	9771	0.402	3,928	0.328	3,205
6		7971	1800	9771	9771	0.335	3,273	0.262	2,560
7		7971	1800	9771	9771	0.279	2,726	0.210	2,052
8		7971	1800	9771	9771	0.233	2,277	0.168	1,642
9		7971	1800	9771	9771	0.194	1,896	0.134	1,309
10		7971	1800	9771	9771	0.162	1,583	0.107	1,045
							5246		-866

Internal Rate of Return = 20 + 5 (5246 / 6112)

= 20 + 4.29

= 24.29 %

DEFERRED PAYMENT LOAN AGREEMENT
TO PURCHASE OF MACHINERIES AND EQUIPMENTS ETC
AND CUTTING MAKING PACKAGING SYSTEM
FOR GARMENT FACTORY (Draft)

BETWEEN

NAY MIN AUNG GARMENT COMPANY LIMITED

AND

HING AH TRADING (SINGAPORE) PTE., LTD. (SINGAPORE)

This Loan Agreement is made on the th day of ...., 199 .

between

၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့် လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲ ပထမဇယားပုံစံ 'က' ပါ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၇(၂)တွင် ဖော်ပြပါရှိသည့် မလိုက်နာ မနေရ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့် သက်ဆိုင်စေရမည်။

အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်၍ အောက်ပါသတ်မှတ်ချက်များသည် အကျိုးသက်ရောက်စေရမည်။

(က) ဤကုမ္ပဏီက ခန့်အပ်ထားသော ဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏ အစုရှင်အရေအတွက်ကို ငါးဆယ်အထိသာ ကန့်သတ်ထားသည်။

(ခ) ဤကုမ္ပဏီ၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့(ခ်) တစ်ခုခုအတွက် ငွေထည့်ဝင်ရန်အများပြည်သူတို့အား ကမ်းလှမ်းခြင်းမပြုလုပ်ရန် တားမြစ်ထားသည်။

မ,တည်ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ကုမ္ပဏီ၏ သတ်မှတ် မ,တည်ငွေရင်း မှာ ကျပ် ၅၀၀၀၀၀၀၀ိ /-(ကျပ် သန်း ငါးဆယ်
တိတိ) ဖြစ်၍ ငွေကျပ် ၁၀၀၀၀ိ /-(ကျပ် တစ်သောင်း
တိတိ) တန် အစုရှယ်ယာပေါင်း (၅၀၀၀) ခွဲထားပါသည်။

ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများ နှင့် လက်ရှိတရားဝင် ကျင့်သုံးဖြစ်နေသော တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေသင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေလျက် အစုရှယ်ယာများသည် ဒါရိုက်တာများ၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိစေရမည်။ ၎င်းဒါရိုက်တာများသည် သင့်လျော်သော ပုဂ္ဂိုလ်များအား သတ်မှတ်ချက် အခြေအနေ တစ်စုံတစ်ရာဖြင့် အစုရှယ်ယာများကို ခွဲဝေချထားခြင်း သို့မဟုတ် ထုတ်ခွဲရောင်းချခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

၅။ အစုရှယ်ယာလက်မှတ်များကို အထွေထွေမန်နေဂျာ သို့မဟုတ် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် အခြားပုဂ္ဂိုလ်များကလက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏တံဆိပ် ရိုက်နှိပ်ထုတ်ပေးရမည်။ အစုရှယ်ယာ လက်မှတ်သည် ပုံပန်းပျက်ခြင်း၊ ပျောက်ဆုံးခြင်း၊ သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အဖိုးအခဖြင့် ပြန်လည်အသစ်ပြုလုပ်ပေးမှုကို သော်လည်းကောင်း ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော အခြားသက်သေခံ အထောက်အထား တစ်စုံတစ်ရာကို တင်ပြစေ၍သော်လည်းကောင်း ထုတ်ပေးနိုင်သည်။ ကွယ်လွန်သွားသော အစုရှယ်ယာရှင်တစ်ဦး၏ တရားဝင် ကိုယ်စားလှယ်ကို ဒါရိုက်တာများက အသိအမှတ် ပြုပေးရမည်ဖြစ်သည်။

၆။ ဒါရိုက်တာများသည် အစုရှင်များက ၎င်းတို့၏ အစုရှယ်ယာများအတွက် မပေးသွင်းရသေးသော ငွေများကိုအခါအားလျော်စွာ တောင်းဆိုနိုင်သည်။ အစုရှင်တိုင်းကလည်း ၎င်းတို့ထံတောင်းဆိုသည့် အကြိမ်တိုင်း အတွက် ဒါရိုက်တာများက သတ်မှတ်သည့် ပုဂ္ဂိုလ်များထံ သတ်မှတ်သည့်အချိန်နှင့် နေရာတွင် ပေးသွင်းစေရန် တာဝန်ရှိစေရမည်။ ဆင့်ခေါ်မှုတစ်ခုအတွက် အရစ်ကျပေးသွင်းစေခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းတို့ကို ဒါရိုက်တာများက သတ်မှတ်နိုင်သည်။

ဒါရိုက်တာများ

၇။ သင်းလုံးကျွတ် အစည်းအဝေးက တစ်စုံတစ်ရာ သတ်မှတ်ပြဋ္ဌာန်းမှု မပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂) ဦးထက်မနည်း၊ (၉) ဦးထက်မများစေရ။

ပထမဒါရိုက်တာများသည်-

(၁) ဒေါ်ခင်ခင်ပြည့်

(၂) ဦး ဇော် ဝင်း

(၃)

(၄)

(၅) တို့ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာများသည် ၎င်းတို့အနက်မှ တစ်ဦးကို မန်နေဂျင်းဒါရိုက်တာအဖြစ် အချိန်အခါအလိုက် သင့်လျော်သော သတ်မှတ်ချက်များ၊ ဥာဏ်ပူဇော်ခများဖြင့် ခန့်ထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့က ပေးအပ်သော အာဏာများ အားလုံးကို ၎င်းက အသုံးပြုနိုင်သည်။

၉။ ဒါရိုက်တာတစ်ဦးဖြစ်မြောက်ရန် လိုအပ်သော အရည်အချင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာ အနည်းဆုံး (—)ရှ ကို ပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

၁၀။ အစုရှယ်ယာများ လွှဲပြောင်းရန် တင်ပြချက်ကို မည်သည့် အကြောင်းပြချက်မျှ မပေးဘဲ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့၏ပြည့်စုံ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

၁၁။ ဒါရိုက်တာများသည် ၎င်းတို့သင့်လျော်သည် ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံ ဆွေးနွေးခြင်း၊အစည်းအဝေး ရွှေ့ဆိုင်းခြင်း၊ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာ ဦးရေသတ်မှတ်ခြင်း တို့ကိုဆောင်ရွက်နိုင်သည်။ ယင်းသို့ မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦး တက်ရောက်မှုဖြင့် အစည်းအဝေး အထမြောက်ရမည်။ အစည်းအဝေးတွင် မည်သည့်ပြဿနာမဆို ပေါ်ပေါက်ပါက မန်နေဂျင်းဒါရိုက်တာ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။ မည်သည့်ကိစ္စများကို မဆို မဲခွဲဆုံးဖြတ်ရာတွင် မဲအရေ အတွက် တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၂။ ဒါရိုက်တာများ၏ အစည်းအဝေးကို မည်သည့်ဒါရိုက်တာကမဆို အချိန်မရွေး ခေါ်နိုင်သည်။

၁၃။ ဒါရိုက်တာ အားလုံးက လက်မှတ်ရေးထိုးထားသော ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက်ကဲ့သို့ပင် ကိစ္စအားလုံး အတွက် အကျိုး သက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲ ဇယားပုံစံ (က)ပါ စည်းမျဉ်းအပိုဒ် ၇၁ တွင် ဖော်ပြထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများ ရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေညာသည်။ အာဏာဆိုသည်မှာ-

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော တန်ဖိုးနှင့်စည်းကမ်းများ၊ အခြေအနေများ သတ်မှတ်၍ ကုမ္ပဏီက ရယူရန် အာဏာရှိသည့် မည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို ဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ရယူပိုင်ဆိုင်ရန်အပြင် ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရှိသော မည်သည့် ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို သင့်တော်သော စည်းကမ်းချက်များ သတ်မှတ်၍ ရောင်းချခြင်း၊ အငှားချခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြား နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်။

(၂) သင့်လျော်သော စည်းကမ်း သတ်မှတ်ချက်များဖြင့် ငွေကြေးများကို ချေးငှားရန် သို့မဟုတ် အဆိုပါချေးငှားသော ငွေကြေးများကို ပြန်ပေးဆပ်ရန်အတွက် အာမခံများ ထားရှိရန်အပြင်၊ အထူးသဖြင့် ဤကုမ္ပဏီ၏ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့(ခ်)များ၊ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ယခုလက်ရှိနှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ထုတ်ဝေရန်။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ၊ သို့မဟုတ် ဤကုမ္ပဏီ၏ အခြားသော အာမခံစာချုပ်များကို ထုတ်ပေးရန်၊ ထို့အပြင် အဆိုပါ အစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့် ပေးသွင်းပြီးသော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့် သော်လည်းကောင်း သဘောတူညီသကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံ စာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ဖြစ်စေ၊ ထိုကဲ့သို့မဟုတ်ဘဲဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ၊ တာဝန်ယူထားသည့် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်စေခြင်း အလို့ငှာ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းရပ်များ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော်လည်းကောင်း၊ အပေါင်ပြု၍ သော်လည်းကောင်း သို့မဟုတ် အစုရှယ်ယာများအတွက် ငွေများ တောင်းခံခေါ်ယူ၍ သော်လည်းကောင်း ခွင့်ပြုရန် သို့မဟုတ် သင့်လျော်သည့်အတိုင်း ဆောင်ရွက်ရန်။

(၅) မန်နေဂျာများ၊ အတွင်းရေးမှူးများ၊ အရာရှိများ၊ စာရေးများ၊ ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများကို အမြဲတမ်း ယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက် ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်းများအတွက် လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်တို့၏ တာဝန်များ၊ အာဏာများ၊ လစာငွေများ၊ အခြားငွေကြေးများကို သတ်မှတ်ရန် လည်းကောင်း၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင်ရွက်ရန်၊ ထို့အပြင် အဆိုပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ မည်သည့် အရာရှိကိုမဆို ကိစ္စရပ် အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဒါရိုက်တာများ၏ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ်ရန်။

(၆) ဤကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေဂျင်း ဒါရိုက်တာ၊ အထွေထွေ မန်နေဂျာ၊ အတွင်းရေးမှူး သို့မဟုတ် ဌာနခွဲ မန်နေဂျာအဖြစ် ခန့်ထားရန်။

(၇) မည်သည့် အစုရှင်ထံမှမဆို ၎င်းတို့၏ အစုရှယ်ယာများ အားလုံးကို ဖြစ်စေ၊ အချို့အဝက်ကို ဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသော စည်းကမ်းများဖြင့် လက်ခံရန်။

(၈) ဤကုမ္ပဏီက ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသော သို့မဟုတ် အခြားအကြောင်းများကြောင့်ဖြစ်သော မည်သည့် ပစ္စည်းကိုမဆို ကုမ္ပဏီ၏ကိုယ်စား လက်ခံထိန်းသိမ်းထားရန်အတွက် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များကိုမဆို ခန့်ထားရန်နှင့် အဆိုပါ ယုံမှတ် အပ်နှံခြင်းများနှင့် ပတ်သက်၍ လိုအပ်သော စာချုပ်စာတမ်းများ ချုပ်ဆို ပြုလုပ်ရန်။

(၉) ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီအပေါ် သို့မဟုတ် ဤကုမ္ပဏီ၏ အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရ စွဲဆို ဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန် သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့အပြင် ဤကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများနှင့် ဤကုမ္ပဏီအပေါ် တောင်းခံသော ကြွေးမြီများနှင့် ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလ ရွှေ့ဆိုင်းခွင့်ပြုခြင်း သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူ ကျေအေးခြင်းများ ပြုလုပ်ရန်။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော သို့မဟုတ် ရရန်ရှိသော ငွေတောင်းခံခြင်းများကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ ဖြေရှင်းရန်အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေး ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရန်ရှိသော တောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ ပေးရန်ရှိသော ငွေကြေးများအတွက် ပြေစာများ ပြုလုပ် ထုတ်ပေးခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသောနည်းဖြင့် စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲစာရင်းခံရခြင်း၊ ကြွေးမြီ မဆပ်နိုင်ခြင်း ကိစ္စများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ ချက်လက်မှတ်များ၊ ဝန်ခံကတိစာချုပ်များ၊ ထပ်ဆင့် လက်မှတ်ရေးထိုးခြင်းများ၊ လျှော်ပစ်ခြင်းများ၊ ကန်ထရိုက် စာချုပ်များနှင့် စာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား မည်သူက လက်မှတ်ရေးထိုးခွင့်ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော် လျောက်ပတ်သောနည်းလမ်းများဖြင့် လတ်တလော အသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင် ငွေများကို အာမခံပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံထားရန်နှင့် စီမံခန့်ခွဲထားရန်။ ထို့ပြင် အချိန်ကာလအားလျော်စွာ မြှုပ်နှံထားသောငွေကို ပြန်လည်ရယူရန်နှင့် ပြင်ဆင်ပြောင်းလွဲရန်။

(၁၅) ဤကုမ္ပဏီ၏ အကျိုးအတွက် ငွေကြေး စိုက်ထုတ် ကုန်ကျခံထားသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်များက ကုမ္ပဏီ၏ (လက်ရှိနှင့် နောင်တွင်ရှိမည့်) ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ ပေါင်နှံခြင်းကို သင့်လျော်သည်ဟု ယူဆပါက ဆောင်ရွက်ခွင့်ပြုရန်။ အဆိုပါ ပေါင်နှံခြင်းဆိုရာ၌ ရောင်းချနိုင်သည့် အာဏာနှင့် အခြားသော သဘောတူညီထားသည့် တကားဝင် သဘောတူညီချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များပါ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီက ခန့်အပ်ထားသော မည်သည့်အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အကျိုးအကြေ ဆောင်ရွက်ခဲ့သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်း သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ အမြတ်အစွန်းမှ ခွဲဝေပေးခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါ ကော်မရှင်များ၊ အမြတ်များခွဲဝေပေးခြင်း စသည်တို့ကို ဤကုမ္ပဏီ၏ လုပ်ငန်းကုန်ကျစရိတ် တစ်စိတ်တစ်ဒေသအဖြစ် သတ်မှတ်ရန်။

(၁၇) ဤကုမ္ပဏီ၏ လုပ်ငန်းများ၊ အရာရှိများ ဝန်ထမ်းများနှင့် အစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းချက်များ၊ စည်းကမ်းဥပဒေများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်။

(၁၈) ဤကုမ္ပဏီ၏ လုပ်ငန်းအတွက် ဤကုမ္ပဏီ၏အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ လိုအပ်သည်ဟု ယူဆလျှင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းများကို ပြုလုပ်ရန်၊ ဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန် အပြင် အဆိုပါ ဆောင်ရွက်ချက် စာချုပ်များနှင့် ကိစ္စရပ်များကို ကျေးဇူးကောင်း၊ ငွေလက်ခံ စပ်လျဉ်းသော ကိစ္စရပ်များကို လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၉) ဒါရိုက်တာများက သင့်လျော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှ မဆို ငွေချေးယူရန်။

အထွေထွေအစည်းအဝေးကြီးများ

၁၅။ ကုမ္ပဏီကိုဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးသည့်နေ့မှ တစ်ဆယ့်ရှစ်လအတွင်း အထွေထွေသင်းလုံးကျွတ် အစည်းအဝေးကြီးကိုကျင်းပရမည်။ ထို့နောက် ဒါရိုက်တာအဖွဲ့က သတ်မှတ်ပေးသည့် အချိန်နှင့် နေရာများတွင် ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် (နောက်ဆုံးကျင်းပသည့် အထွေထွေအစည်းအဝေးကြီးနှင့် တစ်ဆယ့်ငါးလထက် မပိုသည့်အချိန်၌) ကျင်းပရမည်။ သင်းလုံးကျွတ် အစည်းအဝေးစတင်၍ လုပ်ငန်းအတွက် ဆွေးနွေးချိန်တွင် အစည်းအဝေးအထမြောက်ရန် သတ်မှတ်သည့် အစုရှင်အရေအတွက် မတက်ရောက်သော မည်သည့်သင်းလုံးကျွတ် အစည်းအဝေးတွင်မဆို လုပ်ငန်းနှင့် ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုရ။ ဤတွင်အခြားနည်း သတ်မှတ်ပြဋ္ဌာန်းခြင်း မရှိလျှင် ထုတ်ဝေထားသည့် မ,တည် ရင်းနှီးငွေ အစုရှယ်ယာများ၏ ငါးဆယ်ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်ကြသည့် (နှစ်ဦးထက်မနည်းသော) အစုရှင်များ ကိုယ်တိုင်တက်ရောက်လျှင် လုပ်ငန်းကိစ္စအားလုံး ဆောင်ရွက်ရန်အတွက် အစည်းအဝေးအထမြောက်သည့်ဦးရေ ဖြစ်သည်။ အကယ်၍ ကုမ္ပဏီတွင်အစုရှင်အရေအတွက် နှစ်ဦးတည်းသာရှိသည့် ကိစ္စတွင်မူ ထိုနှစ်ဦးတည်းသည်ပင်လျှင် အစည်းအဝေး အထမြောက်ရန် သတ်မှတ်သည့် အရေအတွက် ဖြစ်စေရမည်။

အမြတ်ဝေစုများ

၁၆။ သင်းလုံးကျွတ်အစည်းအဝေးတွင် ဤကုမ္ပဏီ၏ အစုရှင်များအား ခွဲဝေပေးမည့် အမြတ်ဝေစုကို ကြေညာရမည်။ သို့ရာတွင် အမြတ်ဝေစုသည် ဒါရိုက်တာများက တောက်ခံသော ငွေပမာဏထက် မကျော်လွန်စေရ။ သက်ဆိုင်ရာ နှစ်၏ အမြတ်ပမာဏ သို့မဟုတ် အခြားမခွဲဝေရသေးသည့် အမြတ်ပမာဏမှအပ အမြတ်ဝေစုကို ခွဲဝေမပေးရ။

ရုံးဝန်ထမ်းများ

၁၇။ ကုမ္ပဏီသည် လုပ်ငန်းရုံးတစ်ခုကို ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ပြီး အရည်အချင်း ပြည့်မီသူပုဂ္ဂိုလ်တစ်ဦးအား အထွေထွေမန်နေဂျာအဖြစ် ခန့်အပ်ရန်နှင့် အခြားအရည်အချင်း ပြည့်မီသူများအား ရုံးဝန်ထမ်းများအဖြစ် ခန့်အပ်မည် ဖြစ်သည်။ လစာ၊ ခရီးသွားလာစရိတ်နှင့် အခြားအသုံးစရိတ်များကဲ့သို့သော ဥာဏ်ပူဇော်ခများနှင့် အခကြေးငွေများကို ဒါရိုက်တာအဖွဲ့က သတ်မှတ်မည်ဖြစ်ပြီး ၄င်းသတ်မှတ်ချက်များကို သင်းလုံးကျွတ် အစည်းအဝေးက အတည်ပြုရမည်။ အထွေထွေမန်နေဂျာသည် လုပ်ငန်းရုံး၏ ထိရောက်စွာလုပ်ငန်း လည်ပတ်မှုအားလုံးအတွက် တာဝန်ရှိစေရမည်ဖြစ်ပြီး မန်နေဂျင်း ဒါရိုက်တာအားတာဝန်ခံ၍ ဆောင်ရွက်ရမည်။

ငွေစာရင်းများ

၁၈။ ဒါရိုက်တာများသည် သင့်လျော်သည့် ငွေစာရင်းစာအုပ်များကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ထားသိထိန်းသိမ်း ဆောင်ရွက်ရမည်။

(၁) ကုမ္ပဏီ၏ ရငွေ၊ သုံးငွေများ၏ ပမာဏနှင့် ၄င်းရငွေ၊ သုံးငွေများ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကိစ္စများ။

(၂) ကုမ္ပဏီ၏ ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ။

(၃) ဤကုမ္ပဏီ၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ။

၁၉။ ငွေစာရင်းစာအုပ်အားလုံးကို ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံး သို့မဟုတ် ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်ယူဆသော အခြားနေရာတွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး၊ ရုံးချိန်အတွင်း၌ ဒါရိုက်တာများက စစ်ဆေးနိုင်ရန် ပြသထားရမည်။

စာရင်းစစ်

၂၀။ စာရင်းစစ်များကို ခန့်အပ်ထားရမည်။ ၄င်းစာရင်းစစ်များ၏ တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းများနှင့် လိုက်လျောညီထွေ ဖြစ်ရမည်။

နို့တစ်စာ

၂၁။ ဤကုမ္ပဏီသည် မည်သည့်အစုရှင်ထံသို့မဆို နို့တစ်စာကို လက်ရောက်ပေးအပ်ခြင်း သို့မဟုတ် နို့တစ်စာပါသော စာကို စာတိုက်ခ ကြိုတင်ပေးထား၍ ၄င်းအစုရှင်ထံ မှတ်ပုံတင်လိပ်စာအတိုင်း စာတိုက်မှတစ်ဆင့် လိပ်မူ ပေးပို့ခြင်းအားဖြင့် ပေးပို့နိုင်သည်။

တံဆိပ်

၂၂။ ဒါရိုက်တာများသည် တံဆိပ်ကို လုံခြုံစွာထိန်းသိမ်းထားရန်အတွက် စီမံဆောင်ရွက်ရမည်။ ထိုတံဆိပ်ကို ဒါရိုက်တာများကကြိုတင်ပေးအပ်ထားသည့် ခွင့်ပြုချက်ဖြင့်မှတစ်ပါး၊ ထို့အပြင် အနည်းဆုံး ဒါရိုက်တာတစ်ဦး ရှေ့မှောက်တွင်မှတစ်ပါး မည်သည့်အခါမျှ မသုံးရ။ တံဆိပ်ရိုက်နှိပ်ထားသည့် စာချုပ်စာတမ်းတိုင်းတွင် ယိုဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

လျော်ကြေး

၂၃။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၆ (ဂ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ လက်ရှိတရားဝင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ၊ စာရင်းစစ်၊ အတွင်းရေးမှူး သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးမှာ မိမိ၏ ကာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုတာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍ဖြစ်စေ ကျခံခဲ့ရသည့်စရိတ်များ၊ တောင်းခံငွေများ၊ ဆုံးရှုံးငွေများ၊ ကုန်ကျငွေများနှင့် ကြွေးမြီတာဝန်များ အတွက် ကုမ္ပဏီထံမှ လျော်ကြေး ရထိုက်ခွင့်ရှိစေရမည်။

ဖျက်သိမ်းခြင်း

၂၄။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းရာ တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေများနှင့် ယင်းဥပဒေများအား အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲထားသည့် တရားဥပဒေများတွင် ပါဝင်သည့် စည်းမျဉ်းများအတိုင်း လိုက်နာပြုလုပ်ရမည်။

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှ သည် ဤသင်းဖွဲ့စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏ အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ယူယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
၁။	ဦး ဇော် ဝင်း အမှတ်-၁၁၂၊ အမရဝလမ်း ၊ ၈/ဝက်မှုရပ်ကွက်၊ မြောက်ဥက္ကလာ ပမြို့နယ်၊ ရန်ကုန်မြို့ ။ (ကုန်သည်)	မြန်မာ ၁၂/လသန (နိုင်) ၀၀၃၃၂၅		
၂။	ဒေါ် ခင်ခင်ကြည် အမှတ်-၁၁၂၊ အမရဝလမ်း ၊ ၈/ဝက်မှုရပ်ကွက်၊ မြောက်ဥက္ကလာ ပမြို့နယ်၊ ရန်ကုန်မြို့ ။ (ကုန်သည်)	မြန်မာ အယ်လ်ဘီ အော ၀၀၃၆၂၅		
၃။				

ရန်ကုန်။ နေ့စွဲ၊ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီ လ၊ ၁၈ ရက်။

အထက်ပါ လက်မှတ်ရှင်များသည် ကျွန်ုပ်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

OF

NAY MIN AUNG GARMENT **COMPANY LIMITED**

❖ ❖ ❖ ❖ ❖ ❖ ❖

I. The name of the Company is NAY MIN AUNG GARMENT **COMPANY LIMITED.**

II. The registered office of the Company will be situated in the Union of Myanmar.

III. The objects for which the Company is established are as on the next page.

IV. The liability of the members is limited.

V. The authorised capital of the Company is Ks. 50,000,000 /- (Kyats Fifty Million Only) divided into (5,000) shares of Ks10,000 /- (Kyats Ten Thousand Only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

To carry on the business of manufacturing, growing, milling and preserving etc; of the following commodities permitted by the Government, either solely on its own or in joint-venture with any local or foreign partners.

(a) Growing, producing, harvesting, preserving, packaging, milling and manufacturing of agricultural and farm produces.

(b) Felling, extracting (with the permission from the authorities concerned), milling, manufacturing, preserving and seasoning of timber (excluding teak) and forest products.

(c) Livestock breeding, processing and canning of livestock products.

(d) Fishing, preserving, milling, canning and processing of marine products.

(e) Producing fertilizers, insecticides and animal feeds.

(f) Manufacturing of personal goods.

(g) Manufacturing of household goods.

(h) Manufacturing of vehicles, machineries and spares.

(i) Manufacturing of Arts and crafts, lacquerwares and furniture.

(j) Manufacturing of construction materials and paints.

(k) Manufacturing of factory utencils.

(l) Manufacturing of electrical and electronic goods.

(m) [redacted].

(n) Manufacturing of textile, garments and clothings.

(2) To import machinery, spare parts, raw materials and others necessary for those activities mentioned above and to sell wholesale and retail finished and semi-finished products locally and abroad.

(3) To carry on the business of construction works and to import machinery, spare parts and other construction materials necessary for the above mentioned activities.

(4) To borrow money for the benefit of the Company's business from any person, firm, company, bank or financial organization in the manners that the Company shall think fit.

PROVISO: - *Provided that the Company shall not exercise any of the above objects whether in the Union of Myanmar or elsewhere, save in so far as it may be entitled so as to do in accordance with the Laws, Orders and Notifications in force from time to time and then only subject to such permission and or approval as may be prescribed by the Laws, Orders and Notifications of the Union of Myanmar for the time being in force.*

We, the several persons, whose names, nationalities, addresses and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take the number of shares in the capital of the Company set opposite our respective names.

Sr. No:	Name, Address and Occupation of Subscribers	Nationality & N. R. C. No.	Number of shares taken	Signatures
1.	U Zaw Win No.112, Ahmayar Street, C/Industrial Quarter, North Okkalapa Township, Yangon. (Merchant)	Myanmar 12/LaThaNa (Naing) 003325		
2.	Daw Khin Khin Kyi No.112, Ahmayar Street, C/Industrial Quarter, North Okkalapa Township, Yangon. (Merchant)	Myanmar LTA-003625		
3.				

Yangon. Dated the 18th day of February, 1999

It is hereby certified that the persons mentioned above put their signatures in my presence.

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Articles Of Association

OF

NAY MIN AUNG GARMENT **COMPANY LIMITED**

❖ ❖ ❖ ❖ ❖ ❖ ❖

1. The regulations contained in Table 'A' in the First Schedule to the Myanmar Companies Act shall apply to the Company save in so far as such regulations which are inconsistent with the following Articles. The compulsory regulations stipulated in Section 17 (2) of the Myanmar Companies Act shall always be deemed to apply to the Company.

PRIVATE COMPANY

2. The Company is to be a Private Company and accordingly following provisions shall have effect:-

   (a) The number of members of the Company, exclusive of persons who are in the employment of the Company, shall be limited to fifty.

   (b) Any invitation to the public to subscribe for any share or debenture or debenture stock of the Company is hereby prohibited.

CAPITAL AND SHARES

3. The Authorised Capital of the Company is Ks. 50,000,000 /- (Kyats Fifty Million Only) divided into(5000) shares of K. 10,000 /- (Kyats Ten Thousand Only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

4. Subject to the provisions of the Myanmar Companies Act the shares shall be under the control of the Directors, who may allot or otherwise dispose of the same to such persons and on such terms and conditions as they may determine.

5. The certificate of title to share shall be issued under the Seal of the Company, and signed by the General Manager or some other persons nominated by the Board of Directors. If the share certificate is defaced, lost or destroyed, it may be renewed on payment of such fee, if any, and on such terms, if any, as to evidence and indemnity as the Directors may think fit. The legal representative of a deceased member shall be recognised by the Directors.

6. The Directors may, from time to time make call upon the members in respect of any money unpaid on their shares, and each member shall be liable to pay the amount of every call so made upon him to the persons, and at the times and places appointed by the Directors. A call may be made payable by instalments or may be revoked or postponed as the Directors may determine.

DIRECTORS

7. Unless otherwise determined by a General Meeting the number of Directors shall not be less than (2) and not more than (9).

The First Directors shall be:-

(1) Daw Khin Khin Kyi

(2) U Zaw Win

(3)

(4)

(5)

8. The Directors may from time to time appoint one of their body to the office of the Managing Director for such terms and at such remuneration as they think fit and he shall have all the powers delegated to him by the Board of Directors from time to time.

9. The qualification of a Director shall be the holding of at least (-) shares in the Company in his or her own name and it shall be his duty to comply with the provision of Section (85) of the Myanmar Companies Act.

10. The Board of Directors may in their absolute and uncontrolled discretion refuse to register any proposed transfer of shares without assigning any reason.

PROCEEDINGS OF DIRECTORS

11. The Director may meet together for the despatch of business, adjourn and otherwise regulate their meeting as they think fit and determine the quorum necessary for the transaction of business. Unless otherwise determined, two shall form a quorum. If any question arising at any meeting the Managing Director's decision shall be final. When any matter is put to a vote and if there shall be an equality of votes, the Chairman shall have a second or casting vote.

12. Any Director may at any time summon a meeting of Directors.

13. A resolution in writing signed by all the Directors shall be as effective for all purposes as a resolution passed out at meeting of the Directors,duly called,held and constituted.

POWERS AND DUTIES OF DIRECTORS

14. Without prejudice to the general power conferred by Regulation 71 of the Table "A" of the Myanmar Companies Act, it is hereby expressly declared that the Directors shall have the following powers, that is to say power:-

(1) To purchase or otherwise acquire for the Company any property, rights or privileges which the Company is authorized to acquire at such price, and generally on such terms and conditions as they think fit; also to sell, lease, abandon or otherwise deal with any property, rights or privileges to which the Company may be entitled, on such terms and conditions as they may think fit.

(2) To raise, borrow or secure the payment of such sum or sums in such manner and upon such terms and conditions in all respects as they think fit and in particular by the issue of debentures or debenture stocks of the Company charged upon all or any part of the property of the Company (both present and future) including its uncalled capital for the time being.

(3) At their discretion, to pay for any rights acquired or services rendered to the Company, either wholly or partially in cash or in shares, bonds, debentures or other securities of the Company and any such shares may be issued either as fully paid up or with such amount credited as paid up thereon as may be agreed upon; and any such bonds, debentures or other securities may be either specifically charged upon all or any part of the property of the Company and its uncalled capital or not so charged.

(4) To secure the fulfilment of any contract or engagement entered into by the Company by mortgage or charge upon all or any of the property of the Company and its uncalled capital for the time being or by granting calls on shares or in such manner as they may think fit.

(5) To appoint at their discretion, remove or suspend such Managers, Secretaries, Officers, Clerks, Agents and Servants for permanent, temporary or special services as they may from time to time think fit and to determine their duties and powers and fix their salaries or emoluments and to require security in such instances in such amount as they think fit and to depute any officers of the Company to do all or any of these things on their behalf.

(6) To appoint a Director as Managing Director, General Manager, Secretary or Departmental Manager in conjunction with his Directorship of the Company.

(7) To accept from any member on such terms and conditions as shall be agreed on the surrender of his shares or any part thereof.

(8) To appoint any person or persons to accept and hold in trust for the Company any property belonging to the Company or in which it is interested or for any other purposes and to execute and do all such deeds and things as may be requisite in relation to any such trust.

(9) To institute, conduct, defend or abandon any legal proceedings by or against the Company or its officers or otherwise concerning the affairs of the Company and also to compound and allow time for payment or satisfaction of any debts due to or of any claims and demands by or against the Company.

(10) To refer claims and demands by or against the Company to arbitration and to observe and perform the awards.

(11) To make and give receipts, releases and other discharges for money payable to the Company and for the claims and demands of the Company.

(12) To act on behalf of the Company in all matters relating to bankruptcy and insolvency.

(13) To determine who shall be entitled to sign bills of exchange, cheques, promissory notes, receipts, endorsements, releases, contracts and documents for or on behalf of the Company.

(14) To invest, place on deposit and otherwise deal with any of the moneys of the Company not immediately required for the purpose thereof, upon securities or without securities and in such manners as the Directors may think fit, and from time to time vary or realize such investments.

(15) To execute in the name and on behalf of the Company in favour of any Director or other person who may incur or be about to incur any personal liability for the benefit of the Company, such mortgages of the Company's property (present and future) as they think fit and any such mortgage may contain a power of sale and such other powers, covenants and provisions as shall be agreed on.

(16) To give any officer or other person employed by the Company a commission on the profits of any particular business or transaction or a share in the general profit of the Company and such commission or share of profit shall be treated as part of the working expenses of the Company.

(17) From time to time, to make, vary and repeal bye-laws, for the regulation of the business of the Company, the officers and servants or the members of the Company or any section thereof.

(18) To enter into all such negotiations and contracts and rescind and vary all such contracts and execute and do all such acts, deeds and things in the name and on behalf of the Company as they may consider expedient for or in relation to any of the matter aforesaid or otherwise for the purposes of the Company.

(19) To borrow money for the benefit of the Company's business from any person, firm or company or bank or financial organisation of local and abroad in the manner that the Directors shall think fit.

GENERAL MEETINGS

15. A general meeting shall be held within eighteen, months from the date of its incorporation and thereafter at least once in every calendar year at such time (not being more than fifteen months after the holding of the last preceding general meeting) and places as may be fixed by the Board of Directors. No business shall be transacted at any general meeting unless a quorum of members is presented at the time when the meeting proceeds to business. save as herein otherwise provided Member holding not less than 50 percent of the issued shares capital (not less than two members) personally present, shall form a quorum for all purposes. And if and when in the case of there are only two number of members in the Company, those two members shall form a quorum.

DIVIDENDS

16. The Company in general meeting may declare a dividend to be paid to the members, but no dividend shall exceed the amount recommended by the Directors. No dividends shall be paid otherwise than out of the profits of the year or any other undistributed profits.

OFFICE STAFF

17. The Company shall maintain an office establishment and appoint a qualified person as General Manager and other qualified persons as office staffs. The remunerations and allowances such as salaries, travelling allowances and other expenditures incidental to the business shall be determined by the Board of Directors, and approved by the general meeting. The General Manager shall be responsible for the efficient operation of the office in every respect and shall be held accountable at all times to the Managing Director.

ACCOUNTS

18. The Directors shall cause to be kept proper books of account with respect to:-

(1) all sums of money received and expended by the Company and the matters in respect of which the receipts and expenditures take place;

(2) all sales and purchases of goods by the Company;

(3) all assets and liabilities of the Company.

19. The books of account shall be kept at the registered office of the Company or at such other place as the Directors shall think fit and shall be opened to inspection by the Directors during office hours.

AUDIT

20. Auditors shall be appointed and their duties regulated in accordance with the provisions of the Myanmar Companies Act or any statutory modifications thereof for the time being in force.

NOTICE

21. A notice may be given by the Company to any member either personally or sending it by post in a prepaid letter addressed to his registered address.

THE SEAL

22. The Directors shall provide for the safe custody of the Seal, and the Seal shall never be used except by the authority of the Directors previously given, and in the presence of one Director at least, who shall sign every instrument to which the Seal is affixed.

INDEMNITY

23. Subject to the provisions of Section 86 (C) of the Myanmar Companies Act and the existing laws, every Director, Auditor, Secretary or other officers of the Company shall be entitled to be indemnified by the Company against all costs, charges, losses, expenses and liabilities incurred by him in the execution and discharge of the duties or in relation thereto.

WINDING-UP

24. Subject to the provisions contained in the Myanmar Companies Act and the statutory modification thereupon, the Company may be wound up voluntarily by the resolution of General Meeting.

⁘ ⁘ ⁘ ⁘

We, the several persons, whose names, nationalities, addresses and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Articles of Association, and we respectively agree to take the number of shares in the capital of the Company set opposite our respective names.

Sr. No:	Name, Address and Occupation of Subscribers	Nationality & N. R. C. No.	Number of shares taken	Signatures
1.	U Zaw Win No.112, Ahmayar Street, C/Industrial Quarter, North Okkalapa Township, Yangon . (Merchant)	Myanmar 12/LaThaNa (Naing) 003325		
2.	Daw Khin Khin Kyi No.112, Ahmayar Street, C/Industrial Quarter, North Okkalapa Township, Yangon . (Merchant)	Myanmar LTA-003625		
3.				

Yangon. Dated the 18th day of February 1999

It is hereby certified that the persons mentioned above put their signatures in my presence.

(၂၀.၅-၉၉) ၈/၉၉ [illegible]

လျှို့ဝှက်

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အကြောင်းအချက်များ

(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ)

၁	ကုမ္ပဏီအမည်	- နေမင်း အောင်အထည် ချုပ် ကုမ္ပဏီလီမိတက် (Nay Min Aung Garment Co., Ltd.)
၂။	လုပ်ငန်း အဆိုပြုသူအမည်	- ဦး ဇော်ဝင်း
၃	အဆိုပြုလုပ်ငန်း အမျိုး အစား	- CMP စနစ်ဖြင့်အထည်အမျိုး မျိုး ချုပ်လုပ် ခြင်းလုပ်ငန်း
၄	တည်နေရာ	- အကွက်အမှတ် ၁၁၂၊ မြေတိုင်း ရပ်ကွက်အမှတ်၊ စီ / စက်မှုလက်မှု၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၅	စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု	ကျပ် ၃၅.၀၀သန်း (US$ ၀.၅၀သန်းအပါအဝင်)
	- ငွေပမာဏ	ကျပ် ၁၇.၀၀သန်း
	- အဆောက်အဦ	ကျပ် ၁၅.၀၀သန်း
	- စက်ပစ္စည်း ကိရိယာ	ကျပ် ၃.၀၀သန်း (US$ ၀.၅၀သန်း)
၆	မြေအကြောင်း အရာ	
	- မြေအကျယ်အဝန်း	၀.၄၂၀ ဧက (၁၆၉၉.၆၈ စတုရန်း မီတာ)
	- မြေပိုင်ဆိုင်မှု	- ဦး ကြည်အမည်ဖြင့်အသုံး ပြုခွင့်ရရှိထား သော မြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုး ရေး ဦး စီး ဌာနပိုင်မြေ။ (မြေကိုငှား ရမ်း အသုံး ပြုမည်ဖြစ်ပါသည်)
	- မြေအမျိုး အစား	- စက်မှုလက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

၇	ထုတ်လုပ်မှု(ပုံမှန်နှစ်)	ဒါဇင်(ထောင်ပေါင်း)	
	- Polo Shirt	၃၈	
	- T Shirt	၃၀	
	- Track Suit	၂၆	
	- Pant	၁၂	
	- Short Pant	၇	
	- Infant Dress	၁၂	
	- Sleep Wear	၁၂	
	- Blouse	၁၂	
၈	ရောင်းချမည့်နည်းစနစ်		
	-ပြည်တွင်းရောင်း	၁၀ %	
	-CMP စနစ်ဖြင့်ပြည်ပရောင်း	၉၀ %	
၉	ရောင်းဈေးနှုန်း(ပုံမှန်နှစ်)	CMP ချုပ်ခ (US$/ Doz)	ပြည်တွင်းရောင်း (ကျပ်/ဒါဇင်)
	- Polo Shirt	၃.၅၀	၃၀၄၀
	- T Shirt	၂.၀၀	၂၆၄၀
	- Track Suit	၉.၀၀	၉၆၄၀
	- Pant	၄.၅၀	၆၀၄၀
	- Short Pant	၃.၅၀	၃၀၄၀
	- Infant Dress	၃.၀၀	၆၀၄၀
	- Sleep Wear	၄.၀၀	၈၀၄၀
	- Blouse	၃.၅၀	၃၆၄၀
၁၀	ဝင်ငွေ(ပုံမှန်နှစ်)	ကျပ် ၇၇.၂၉ သန်း US$ ၀.၅၁ သန်း	

၁၁	အသားတင်အမြတ်	ကျပ် ၅.၆၅ သန်း US ၀.၃၉ သန်း
၁၂	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်	
	- ဝင်ငွေခွန်	ကျပ် ၂.၄၂ သန်း US$ ၀.၀၇ သန်း
	- ကုန်သွယ်လုပ်ငန်းခွန်	ကျပ် ၇.၇၃ သန်း
၁၃	ဝန်ထမ်းအင်အား	၁၇၇ ဦး
	- ပြည်တွင်း	၁၇၁ ဦး
	- ပြည်ပ	၆ ဦး
၁၄	တည်ဆောက်မှုကာလ	(၁၁)လ
၁၅	အခြား	- စက်ပစ္စည်းကိရိယာများနှင့် စက်တန်ဆာပလာပစ္စည်းများကို စင်ကာပူနိုင်ငံ Hing Ah Trading(Singapore) Pte Ltd. မှ ရွှေဆိုင်း ငွေပေးချေခြင်းစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပြီး အတိုးနှုန်း (၄) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ - စက်ပစ္စည်းစာရင်းကို ပူးတွဲတင်ပြထားပါသည်၊ - ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မီး

		ဘောအနေ့ရစာယ်များ မဖြစ်ပွား စေရန်တာဝန်ယူဆောင်ရွက်ထား မည်ဖြစ်ကြောင်း ၊ ပြည်ပမှ ချေးငွေရယူခြင်းသည်နိုင်ငံတော်နှင့်မသက်ဆိုင်ဘဲ ၊ ချေးငွေပေးသူယူသူတို့၏တာဝန်သာဖြစ်ကြောင်း ၊ ချေးငွေပြန်လည်ပေးဆပ်ရာတွင်လုပ်ငန်းမှရရှိသည့်တရားဝင်နိုင်ငံခြားငွေဖြင့်သာပေးချေမည်ဖြစ်ကြောင်းနှင့်လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုထား ပါသည်။ - အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့သဘောထားမှတ်ချက်တောင်းခံထား ပါသည်။

NAY MIN AUNG GARMENT LIMITED

LIST OF MACHINERIES AND CONSTRUCTION MATERIALS

To Be Imported By Deferred Payment System.

Exhibit No. (A)

SR. NO.	PARTICULARS	A/U	QTY	RATE US$	AMOUNT US$
1	Cutting Machine	Set	6	1450	8700
2	Auto lock stitch Cutting Machine	Set	6	2000	12000
3	Embroidery Machine (18 Heads)	Set	4	21000	84000
4	Embroidery Machine (8 Heads)	Set	4	19000	76000
5	One needle Lock stitch Machine	Set	100	400	40000
6	Overlock Sewing Machine	Set	70	850	59500
7	One needle Lock stitch Button holding Machine	Set	4	1500	6000
8	Single thread chainstitch button sewing Machine	Set	4	1100	4400
9	Interlock Machine	Nos	20	850	17000
10	Automatic Electric Industrial Boiler	Set	2	2000	4000
11	Steam Iron with Adjustable Heater	Nos	12	25	300
12	Flat Knitting Machine	Nos	10	300	3000
13	Electric Cloth Cutter	Nos	10	250	2500
14	One needle lock stitch Button holding machine	Set	3	2200	6600
15	Industrial Steam Iron	Nos	8	120	960
16	Vacuum Table	Nos	2	250	500
17	End Cut Machine	Set	5	500	2500
18	Interchangeable Single Knit	Nos	4	11000	44000
19	Generator 400 KVA W/accessories	Nos	2	24245	48490
20	Air condition (Split)	Nos	3	850	2550
21	Wagon Land Cruiser	Nos	1	20000	20000
22	Mini - Bus 15 Seats	Nos	1	16000	16000
23	Saloon	Nos	1	21000	21000
24	Truck 2.5 Tons	Nos	1	15000	15000
25	Copier Machine	Set	1	2000	2000
26	Computer	Set	2	1500	3000
				Total	500000
	Grand Total			Grand Total	500000

၆။ နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်တည်ထောင်၍ CMP စနစ်ဖြင့်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

M ၂၄

တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဝိမှ ၂၂-၆-၉၉ ရက်စွဲပါ စာအမှတ်၊ ၇က-၆(ခ)/၁၀၀၁/၉၉(၃၁၄၁) ကိုရှင်းလင်းတင်ပြပါသည်။

ကော်မရှင်မှအဆိုပြုလုပ်ငန်းအား မူအားဖြင့်သဘောတူသဖြင့်အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ပါသည်။ ၎င်းအပြင်ပြည်ပဝန်ထမ်း (၄) ဦးသာခန့်ထားရန်၊ မော်တော်ယာဉ်တင်သွင်းမှုနှင့်စပ်လျဉ်း၍တည်ဆောက်မှုကာလအတွင်း Wagon တစ်စီးနှင့် Mini Bus တစ်စီးကိုအခွန်အကောက်ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုကာလအတွင်း Saloon တစ်စီးနှင့် Truck တစ်စီးတို့ကိုအခွန်အကောက် ၅၀ % သက်သာခွင့်ဖြင့်လည်းကောင်းတင်သွင်းခွင့်ပြုရန်ဆုံးဖြတ်ပါသည်။

၆	နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်တည်ထောင်၍CMP စနစ်ဖြင့်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။	
	- အဆိုပြုချက်အား မူအားဖြင့်သဘောတူသဖြင့်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန်၊ - လုပ်ငန်းနှင့်သက်ဆိုင်သည့်အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုရန်၊ - ပြည်ပမှဝန်ထမ်း (၄) ဦးသာခန့်ထားခွင့်ပြုရန်၊ - မော်တော်ယာဉ်တင်သွင်းမှုနှင့်စပ်လျဉ်း၍တည်ဆောက်မှုကာလအတွင်း Wagon တစ်စီးနှင့် Mini Bus တစ်စီးတို့ကိုအခွန်အကောက်ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုကာလအတွင်း Saloon တစ်စီး၊ Truck တစ်စီးတို့ကိုအခွန်အကောက် ၅၀ % သက်သာခွင့်ဖြင့်လည်းကောင်းတင်သွင်းခွင့်ပြုရန်၊	အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂၇.၈.၉၉) ၁၀/၉၉ MIC

လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(ခ)/၁၀၀၁/၉၉(၃၁၄၁)၊
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဇွန်လ၂၂ ရက်။

အမှာစာ

အကြောင်းအရာ။ ။ နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်တည်ထောင်၍ CMP စနစ်ဖြင့်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော နေမင်းအောင်အထည်ချုပ်ကုမ္ပဏီ လီမိတက် (Nay Min Aung Garment Co., Ltd) က တည်ထောင်၍ CMP စနစ်ဖြင့်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၁-၅-၉၉) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ([illegible]/၉၉) ကြိမ်မြောက်ကြိုတင်ညှိနှိုင်း အစည်းအဝေး သို့တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်အရတင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်း ငွေပေးချေခြင်း စနစ်သဘောတူစာချုပ် (မူကြမ်း)၊ မြေငှားစာချုပ် (မူကြမ်း) နှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများကို <u>နောက်ဆက်တွဲ (၁)</u> တွင်တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၄၀) သန်း အပါအဝင်စုစုပေါင်းကျပ် (၃၅.၀၀) သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၁၇.၀၀) သန်း၊ အဆောက်အဦတန်ဖိုးကျပ် (၁၅.၀၀) သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုးကျပ် (၃.၀၀) သန်း [အမေရိကန်ဒေါ်လာ (၀.၁၀)]·

လျှို့ဝှက်

ထည့်ဝင်ရင်းနှီးမည်ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို စင်္ကာပူနိုင်ငံ၊ Hing Ah Trading(Singapore)Pte Ltd မှ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပြီး ၊ အတိုးနှုန်း (၄) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဦးကြည်အေးမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်၊ မြေကွက်အမှတ် (၁၁၂) နှင့် (၁၁၂-က) မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ စုစုပေါင်းမြေ (၀.၆၁၇) ဧက (၂၄၉၆.၉၁ စတုရန်းမီတာ) ကိုငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်ရှိထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် —

စဉ်	အကြောင်းအရာ	ပြည်တွင်းရောင်း (၁၀ %)		CMPစနစ်ဖြင့်ပြည်ပပို့ (၉၀ %)	
		အရေအတွက် (ဒါဇင်)	ရောင်းဈေးနှုန်း (ကျပ်/ ဒါဇင်)	အရေအတွက် (ဒါဇင်)	ရောင်းဈေးနှုန်း (US$/Doz)
၁	Polo Shirt	၃၈၀၀	၃၀၄၀	၃၄၂၀၀	၃.၅၀
၂	T Shirt	၃၈၀၀	၂၆၄၀	၃၄၂၀၀	၂.၀၀
၃	Track Suit	၂၆၀၀	၉၆၄၀	၂၃၄၀၀	၆.၀၀
၄	Pant	၁၂၀၀	၆၀၄၀	၁၀၈၀၀	၄.၅၀
၅	Short Pant	၇၀၀	၃၀၄၀	၆၃၀၀	၃.၅၀
၆	Infant Dress	၁၂၀၀	၆၀၄၀	၁၀၈၀၀	၃.၀၀
၇	Sleep Wear	၁၂၀၀	၈၀၄၀	၁၀၈၀၀	၄.၀၀
၈	Blouse	၁၂၀၀	၃၆၄၀	၁၀၈၀၀	၃.၅၀

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့်ပုံမှန်နှစ်တွင်ရရှိမည့် ဝင်ငွေနှင့်အသုံးစရိတ်ခန့်မှန်းခြေမှာအောက်ပါအတိုင်းဖြစ်ပါသည် -

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၇၇.၂၉	၃.၀၇	၈၀.၃၆
(ခ) အသုံးစရိတ်	၇၁.၆၄	၀.၇၅	၇၂.၃၉
(ဂ) အသားတင်အမြတ်	၅.၆၅	၂.၃၂	၇.၉၇

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့်နိုင်ငံတော်မှပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေခွန် ကျပ် ၂.၄၂ သန်း
အမေရိကန်ဒေါ်လာ ၀.၇၀ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၇.၇၃ သန်း

၇။ ယင်းလုပ်ငန်းကိုဆောင်ရွက်ရန်အတွက်ပြည်တွင်း ဝန်ထမ်း (၁၇) ဦးနှင့်ပြည်ပဝန်ထမ်း (၆) ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကိုဆောင်ရွက်ရန်အတွက်အမှတ် (၁) စက်မှုဝန်ကြီးဌာန သို့သဘောထားမှတ်ချက်တောင်းခံရာကန့်ကွက်ရန်မရှိကြောင်း အကြောင်းပြန်ကြားပါသည်။

၉။ ယင်းလုပ်ငန်း၏ ငွေရေးကြေးရေးဆိုင်ရာအထောက်အထားအဖြစ် ဦးဖော်ဝင်း အမည်ဖြင့်ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင်စာရင်းဖွင့်လှစ်ထားသူတစ်ဦးဖြစ်ကြောင်း ထောက်ခံချက်ကိုတင်ပြထားပါသည်။

၁၀။ ယင်းလုပ်ငန်းကိုဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍တည်ဆောက်ရေးကာလအတွင်း Wagon တစ်စီးနှင့် Mini Bus တစ်စီးတို့ကိုအခွန်အကောက်ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် Saloon တစ်စီးနှင့် Truck တစ်စီးတို့ကိုအခွန်အကောက် (၃၀) ရာခိုင်နှုန်းသက်သာခွင့်ဖြင့်လည်းကောင်း တင်သွင်းခွင့်ပြုရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၉၉) ကြိမ်မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသားများ သာလျှင်ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန်ကြိုတင်ကာကွယ်မှုများပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍သတ်မှတ်ပြဋ္ဌာန်းသည့်စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှချေးငွေရယူခြင်းသည်နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ အဆိုပြုလုပ်ငန်းမှရရှိသည့်တရားဝင်နိုင်ငံခြားငွေဖြင့်သာပေးဆပ်မည်ဖြစ်ကြောင်းနှင့်လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ် အပါအဝင်တစ်ဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုတောင်းခံထားရာ ယင်းအပေါ်သုံးသပ်တင်ပြချက်ကို __ပူးတွဲ__တင်ပြထားပါသည်။

၁၃။ __ဆုံးဖြတ်ရန်အချက်။__

(က) နေမင်းအောင်အထည်ချုပ်ကုမ္ပဏီလီမိတက်တည်ထောင်၍ CMF စနစ်ဖြင့်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိုခွင့်ပြုရန်သဘောတူ – မတူ။

(ခ) သဘောတူပါကအထက်အပိုဒ် (၁၂) ပါအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန်သဘောတူ – မတူ။

အတွင်းရေးမှူး (ကိုယ်စား)

(မောင်မောင်ငို၊ တွဲဖက်အတွင်းရေးမှူး)

__မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။__

* အေး * ၂၀-၆-၉၉

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက် အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရလုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော နိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျှက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှပြည်ပသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့်အမြတ်ငွေအပေါ် (၅၀ %) ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ လုပ်ငန်း၏အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြလျှက် ပထမဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီး နောက်ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ကုန်ထုတ်လုပ်မှုကြောင့် ပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီဝင်ငွေခွန် သက်သာခွင့်ကိုလုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထား လာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရသွင်းကုန်အစားတိုး လုပ်ငန်းအဖြစ် အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ်သင့်လျော်သောကာလ အထိဝင်ငွေခွန်သက်သာခွင့်တောင်းခံခြင်းကို အကျိုးဝင်ခြင်း မရှိဟုသုံးသပ်ရပါသည်။

*၅၂၁/၁/၉၉။

- ဥပဒေပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါကထိုအမြတ်ငွေပေါ် တွင်ဝင်ငွေခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်ကို အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ ထောက်ထားလာ ပါကခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ်တန်ဖိုး လျော့ငွေကိုသတ်မှတ်သည့်နှုန်း အတိုင်း နှစ်တိုတို နှင့်မူလတန်ဖိုး ပြည့်မီသည်အထိအမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် ပတ်သက်၍ ထောက်ထားလာသည့်အခါ ကော်မရှင်မှသတ်မှတ်သည့် နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများ အပေါ်အကောက်ခွန်နှင့်အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့် ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ဈ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ ကုန်ဆုံး၍ ပထမ (၃) နှစ်အတွက်တင်သွင်းသည့်လုပ်ငန်းသုံး ပစ္စည်းများ အပေါ်တွင်အကောက်ခွန်နှင့်အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ည) အရ ထုတ်လုပ်မည့်ပစ္စည်းများ ပြည်ပသို့တင်ပို့ရောင်း ချမှုအပေါ်ကုန်သွယ်လုပ်ငန်း ခွန်ကင်းလွတ် ခွင့်ကို ခွင့်ပြုသင့်ပါသည်။

* ၅ ၂၁/၁/၉၉ ။